ကြေးမုံ
The Mirror
၁၃၆၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်၊ တနင်္လာနေ့၊ (9-2-2004) (၄၁၄၁)
ယနေ့ထုတ်စောင်ရေ ၁၉၇၉၀၇

ဒါနဥ္စ
တေံ မင်္ဂလ မုတ္တမံ။

ပေးကမ်းလှူဒါန်းခြင်းသည် မြတ်သော မင်္ဂလာမည်၏။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တည်ငြိမ်ခြင်း၊ ငြိမ်းချမ်းခြင်း၏အသီးအပွင့်များ မျှဝေခံစားနေကြရပြီ

ခေတ်အဆက်ဆက်တွင် ဝေးလံသီခေါင်၍ လမ်းပန်းဆက်သွယ်ရေး **အလွန်ခက်ခဲသော စီးပွားရေးဖွံ့ဖြိုးမှု နောက်ကျကျန်ရစ်ပြီး လူမှုဘဝ** ပြည့်စုံမှုမရှိသည့် နယ်စပ်ဒေသများသည် ယခုအခါ လမ်းများ၊ တံတားများ၊ **ခေတ်မီဆက်သွယ်ရေး နည်းစနစ်များဖြင့် လမ်းပန်းဆက်သွယ်ရေး** တိုးတက်ကောင်းမွန်လာသကဲ့သို့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလက်မှု၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းစသည့် လုပ်ငန်းများဖြင့် စီးပွားရေးဘဝ များလည်း ဖွံ့ဖြိုးတိုးတက်လာသည်သာမက ကျောင်း၊ ဆေးရုံ၊ ဆေးပေးခန်း စသည့် လူမှုပတ်ဝန်းကျင်များဖြင့်လည်း ပြည့်စုံနေကြပြီ ဖြစ်ပါသည်။ **ယနေ့နယ်စပ်ဒေသများသည် မြို့ကြီးပြကြီးများနှင့် တန်းတူဖွံ့ဖြိုးတိုးတက်** နေကြပြီး နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုး အသီးသီးတို့သည်လည်း တည်ငြိမ်ခြင်း၊ ငြိမ်းချမ်းခြင်း၏ အခက်အလက် အသီးအပွင့်တို့ကို **မျှဝေခံစားနေကြရပြီ ဖြစ်ပါသည်။**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၆)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာမှ-

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်ကို (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ လွှဲပြောင်းပေးအပ်စဉ်။

(ကြေးမုံ)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော် ရန်ကုန်တောင်ပိုင်းခရိုင်သို့ စတင်သယ်ဆောင်

ရန်ကုန် ဖေဖော်ဝါရီ ၈

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊ ပြည်ထောင်စုကြီး ထာဝရ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီကာကွယ်ထိန်းသိမ်းရေး၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေးနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေးဟူသော (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် ငါးရပ်နှင့်အညီ နိုင်ငံရေးအနှစ်သာရပြည့်ဝစွာဖြင့် ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားကျင်းပရေးအတွက် ရန်ကုန်မြို့တော်ခန်းမ၌ တစ်နှစ်တာရပ်နားခဲ့သော ပြည်ထောင်စုအလံတော်ကို ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်လေးခရိုင်သို့ လှည့်လည်သယ်ဆောင်ရေးအစီအစဉ်အရ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်ခန်းမမှ ရန်ကုန်တောင်ပိုင်းခရိုင်ကိုယ်စားပြု သန်လျင်မြို့ သီဟဒီပအားကစားကွင်းသို့ ပြည်ထောင်စုလှေဖြင့်လည်းကောင်း၊ အဆင့်ဆင့်လက်ဆင့်ကမ်း၍လည်းကောင်း သယ်ဆောင်ကြပြီး နံနက် ၈နာရီခွဲတွင် သန်လျင်မြို့ သီဟဒီပအားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော်ကို စိုက်ထူအလေးပြုကာ တစ်ညတာ ရပ်နားလိုက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၉-၂-၂၀၀၄
(တနင်္လာနေ့)

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ပြည်သူတစ်ရပ်လုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းရင်းသားပြည်သူများ၏ စွမ်းအားဖြင့် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေး ကြိုးပမ်းဖော်ဆောင်ရာတွင် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် ပဓာနကျသည်။ ထို့ကြောင့် နိုင်ငံတော်က စက်မှုနိုင်ငံတော်အဖြစ် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံဆောင်ရွက်လျက် ရှိသည်။

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြန့်ကျဲနေသော ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းများကို အခြေအနေပေးသော နယ်မြေဒေသများ၌ စက်မှုဇုန်များ ထူထောင်၍ အားပေးကူညီလျက်ရှိသည်။ ယခုအခါ ပြည်နယ်နှင့်တိုင်းဒေသအသီးသီးတွင် စက်မှုဇုန် ၁၉ ဇုန်ကို ဖွဲ့စည်းထူထောင်ပေးထားပြီးဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီလ ၃ရက်နေ့က စစ်ကိုင်းတိုင်းအတွင်း မုံရွာမြို့၊ ကလေးမြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့တို့သို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် မုံရွာလေယာဉ်ကွင်းတည်ဆောက်ရေးစီမံကိန်း၊ ကလေးစက်မှုဇုန်၊ မြစ်သာတံတား(ကလေးဝ) တည်ဆောက်ရေးစီမံကိန်း၊ မင်းကင်းမြို့နယ်ရှိ မြို့မတံတားတို့ကို ကြည့်ရှုစစ်ဆေးသည့် ခရီးစဉ်အတွင်း ခရိုင်နှင့် မြို့နယ်များမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာတွင် **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ တစ်ရပ်တည်း အကောင်အထည်ဖော် ဆောင်ရွက်၍မရကြောင်း၊ ပြည်သူတစ်ရပ်လုံးပါဝင်မှ စီမံကိန်းလုပ်ငန်းများ အောင်မြင်မည်ဖြစ်သဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း** ပြောကြားခဲ့သည်။

ကလေးစက်မှုဇုန်သည် (၁၉) ဇုန်မြောက် စက်မှုဇုန်ဖြစ်ပြီး မြေပြင်ရေစီးအားသုံးတာဘိုင်၊ နော်ဇယ်ရေပန်းအားသုံး တာဘိုင်စသည့် အသေးစား ရေအားလျှပ်စစ်ထုတ်စက်များ၊ စပါးလုံးရွေးစက်၊ စပါးအခွံချွတ်စက်၊ ၁၂ သွားထွန်၊ စပါးခြွေလှေ့စက်၊ ကောက်ရိုးငုတ်ဖြတ်စက်၊ မြက်ဖြတ်စက်စသည့် လယ်ယာလုပ်ငန်းသုံး စက်ကိရိယာများ၊ ဖိုတိုလစ်သို အော့ဖ်ဆက်ပုံနှိပ်စက်၊ မှန်လုံယာဉ်ငယ်များကို စမ်းသပ်ထုတ်လုပ်လျက် ရှိကြောင်းသိရသည်။

မြစ်သာတံတား (ကလေးဝ)မှာ အောက်ခံအုတ်မြစ်ကို ဘိုးပိုင်များဖြင့် သံကူကွန်ကရစ်တံတားတိုင် အမျိုးအစားအဖြစ် တည်ဆောက်လျက်ရှိသည်။ တံတားအပေါ်ထည်မှာ သံမဏိသံပေါင် ကြိုးတံတား၊ သံကူကွန်ကရစ်ရက်မနှင့် ကြမ်းခင်းအမျိုးအစားဖြစ်သည်။ ယခုအခါ တံတားတည်ဆောက်ရေးလုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ပြီးစီးနေကြောင်း သိရသည်။

မင်းကင်းဒေသသည် ဖွံ့ဖြိုးမှုအားနည်းသော ဒေသဖြစ်သဖြင့် ဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကလိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် စီမံဆောင်ရွက်လျက်ရှိသည်။ မုံရွာ-အလုံ-ယားကြီး-မြို့မ-ကလေးဝ ကားလမ်းကို ဖောက်လုပ်လျက်ရှိသည်။ အဆိုပါ ကားလမ်းမှာ ၁၁၅ မိုင်ရှိပြီး အဝေးပြေးလမ်းမကြီးအဖြစ် တိုးတက်ဖြစ်ပေါ်လာမည်ဖြစ်ရာ မြို့မဒေသမှ ပြည်သူများအပါအဝင် ဆက်စပ်လျက်ရှိသည့် ပတ်ဝန်းကျင်ဒေသနေ ပြည်သူများအတွက်များစွာ အကျိုးပြုနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ထားသည့် စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးအောင်မြင်စေရေး ကြိုးပမ်းလျက်ရှိရာတွင် ပြည်သူတစ်ရပ်လုံးက ကျရာကဏ္ဍအလိုက် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

✪ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
✪ တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး။
✪ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။
✪ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
✪ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၄၃၇) ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၈

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ဝေလျက်ရှိသော နိုင်ငံတကာ သတင်းဂျာနယ် အမှတ်(၄၃၇)ကို ယနေ့ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

"မီဒီယာခေတ် မကျန်ရစ်ဖို့"ဟူသော ဂျာနယ် ဦးတည်ချက်ဖြင့် နိုင်ငံတကာသတင်းများကို ဦးဦးဖျားဖျား ထူးထူးခြားခြား အချိန်နှင့်တစ်ပြေးညီတင်ဆက်လျက်ရှိသည့် နိုင်ငံတကာ သတင်းဂျာနယ်၏ ယခုအပတ်ထုတ် ဂျာနယ်တွင် ငှက်ကလီးယားလျှို့ဝှက်ချက်များ ပေါက်ကြားမှု၊ နီပေါနိုင်ငံအကြောင်း သိမှတ်ဖွယ်ရာ၊ တစ်ပတ်အတွင်း သတင်းမှတ်စု၊ ကမ္ဘာ့နိုင်ငံပေါင်း ၄၀ ခန့်အထိသို့ တင်ပို့ရောင်းချနေသည့် ကင်မ်ချီချဉ်ဖတ် သမိုင်းကြောင်း၊ နာကြည်းချက်ကို မျှော်လင့်ချက်ဖြင့် အစားထိုးမည့် ကက်ရှ်မီးယား၊ နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ အကြီးအကဲ၏ သုံးသပ် ဖြေကြားချက်များ၊ အာရှမှာ ဗျိုးဟစ်စရာ ကြက်ငှက်တုပ်ကွေးရောဂါ၊ နှစ် ၅၀ ကြာပြီးမှ

နေအိမ်ပြန်ရောက်လာသည့် စစ်သုံ့ပန်းတစ်ဦး၏ ရင်နင့်ဖွယ်ဇာတ်လမ်း၊ နိုင်ငံတကာ ဟာသ၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့များအကြောင်းသုတ၊ ကမ္ဘာ့တပ်မတော်တို့၏ ဝိသေသ လက္ခဏာများ၊ ပေါလ်ဘရီမာ၏ဒုက္ခ၊ တိုနီဘလဲ၏ပြဿနာ၊ ဦးခေါင်းနှစ်လုံးပါကလေး စသည့် သတင်းများနှင့် ဆောင်းပါးများကိုဝေဝေဆာဆာဖော်ပြထားကြောင်း သိရသည်။ **(အပေါ်ပုံ)** (ကြေးမုံ)

တရားပွဲဓမ္မဒါနကုသိုလ် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၈

ပန်းခင်းလမ်းဖိနပ်မိသားစု၏ တရားပွဲ(ဓမ္မဒါန)ကုသိုလ်အဖြစ် ဖေဖော်ဝါရီ ၁၁ရက်မှ ၁၃ရက်အထိ နေ့စဉ် ညနေ ၅နာရီမှစ၍ ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက် သုနန္ဒာ(၁)လမ်း အမှတ်(၇၀၇)၌ တရားပွဲများကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၁၁ရက်တွင် ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာ နာယက ကမ္မဋ္ဌာနာစရိယ မုဒ္ဓံဆရာတော် ဘဒ္ဒန္တကုသလ ဆရာတော်ကလည်းကောင်း၊ ဖေဖော်ဝါရီ ၁၂ရက်တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မပါဠိပါရဂူ တိပိဋကဓရဆရာတော် ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ(Ph.D)နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် သိရီမင်္ဂလာမဟာစည်ရိပ်သာ မဟာစည်နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဗဟုဇနဟိတဓရ ဓမ္မကထိက တွံတေးဆရာတော် ဘဒ္ဒန္တကူန္ဒကတို့ကလည်းကောင်း၊ ဖေဖော်ဝါရီ ၁၃ရက်တွင် မန္တလေးမြို့ ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက် သီတဂူကြယ်တစ်ပွင့်ဆရာတော် ဘဒ္ဒန္တပညာနန္ဒ (ဓမ္မကထိက ဗဟုဇနဟိတဓရ သာသနဓဇဓမ္မာစရိယ) ဆရာတော်သုံးပါးတို့ကလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကဗျာ

မြန်မာ့ဂုဏ်ရည်

★ မြန်မာဟူသည်၊ ကိုယ့်တိုင်းပြည်ကို
ချစ်ကြည်လေးမြတ်၊ သက်နှင်းအပ်လျက်
ပေးဆပ်ဝံ့ရဲ၊ ခိုင်မာစွဲနှင့်
မလှဲအလံ၊ လေ့ခွက်ကျန်လည်း
ရန်ကိုဖျက်ချိုး၊ အားမာန်နိုးသည်
မျိုးချစ်စိတ်နှင့်သာတကား။

★ မြန်မာဟူသည်၊ ဖြောင့်မတ်သည်တည့်
ဉာဏ်နီ, ဉာဏ်နက်၊ သူ့ဂုဏ်ပျက်အောင်
သက်သက်မာန်ကြွ၊ ရန်မစလည်း
သူကထိပါး၊ ပုတ်ခတ်ငြားသော်
စကားတစ်လုံး၊ ဓားတစ်နှန်းသို့
အားသုံးအမှန်၊ ခွန်းတုံ့ပြန်မည်
နိုင်ငံချစ်စိတ်နှင့်သာတကား။

★ အို... သိလော့အဆွေ၊ သိပါလေ
တို့မြေ တို့ပိုင်၊ တို့သာဆိုင်၏
တို့နိုင်ငံရိပ်၊ တို့မှေးမှိတ်၏
သူ့ရိပ်မမျှော်၊ သူ့ပေါ်မကျူး
သူကကျူးလည်း၊ ကျူးသူကိုချ
တွန်းလှန်ကြလိမ့်
မြန်မာ့မြေပုံ၊ အရေးကြုံသော်
သွေးဆုံပေါင်းကာ၊ သောင်းသောင်းဝြာမျှ
ခွာသံပြင်းပြင်း၊ ရွှေဘိုမြင်းလည်း
ခုန်ဆင်း၍လျှင်၊ အသက်ဝင်ကာ
ရာဇဝင်မှ၊ သူနိုးထလျက်
မြန်မာ့ရှေ့မှောက်၊ ရုတ်ခြည်းရောက်လိမ့်
ရှုံ့ကြောက်မဲ့ရှောင်း၊ ရေးဖြစ်ဟောင်းလည်း
ထပ်လောင်းသစ်သစ်၊ ရင်မှာဖြစ်လျက်
မျိုးချစ်ဇာနည် မြန်မာ့ဂုဏ်ရည်။
တို့ရင်ထဲက ဆေးပန်းချီ။
စုတ်ချက်သစ်လွင် နေဦးမည်။ ။

မြင်းမှူမောင်နိုင်မိုး

၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက် - ၈-၂-၂၀၀၄ မှ ၁၆-၂-၂၀၀၄
အချိန် - နံနက် (၀၉း၀၀)နာရီမှ ညနေ (၁၇း၀၀)နာရီ
နေရာ - တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့
(မည်သူမဆို အခမဲ့လာရောက်လေ့လာကြည့်ရှုနိုင်ပါသည်။)

ဒါတွေကို သိဖို့လိုတယ်

✻ မြှောက်တိုင်းလည်း မမြှောက်နဲ့
✻ ခြောက်တိုင်းလည်း မကြောက်နဲ့
✻ ချော့တိုင်းလည်း မပျော့နဲ့

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တို့ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြခန်းပြကွက်များကို လှည့်လည်ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ ဖွင့်ပွဲကျင်းပ အတွင်းရေးမှူး(၁)နှင့် အတွင်းရေးမှူး(၂) တက်ရောက်ချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၈

၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမဌကျင်းပရာ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တို့ တက်ရောက်ချီးမြှင့်ကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဝင်များ၊ စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ ပြပွဲခင်းကျင်းပြသရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဆပ်ကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြပွဲခင်းကျင်း ပြသရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဧည့်သည်တော်များသည် ပြည်ထောင်စုနေ့ပြပွဲတွင် ခင်းကျင်းပြသထားသည့် ပြည်ထောင်စုစိတ်ဓာတ်ရင့်သန်ခိုင်မာရေးဗဟိုပြကွက်၊ မြန်မာအစ မြန်မာက ပြကွက်၊ ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ယဉ်ကျေးမှုပြကွက်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပင်လုံညီလာခံပြကွက်၊ ပြည်ထောင်စုစိတ်ဓာတ်ရင့်သန်ခိုင်မာရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဖော်ဆောင်မှုများပြကွက်၊ နိုင်ငံတော်အကြီးအကဲ၏ နယ်စပ်ဒေသခရီးစဉ်၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်အပေါ် ငြိမ်းချမ်းရေး အဖွဲ့အစည်းများက ကြိုဆိုထောက်ခံပြကွက်နှင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာပြကွက်၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပစ္စည်းများ ပြကွက်၊ ကွန်ပျူတာပြကွက်များနှင့် ဝန်ကြီးဌာနများ၏ ပြခန်းပြကွက်များကို လှည့်လည်ကြည့်ရှုကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ(၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ပြပွဲတွင် ပြည်ထောင်စုစိတ်ဓာတ်ရင့်သန်ခိုင်မာရေး ဗဟိုပြကွက်၊ ယဉ်ကျေးမှုဝန်ကြီးဌာန၏ မြန်မာအစ မြန်မာက ပြကွက်နှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ယဉ်ကျေးမှု ပြကွက်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပင်လုံညီလာခံ၊ ပြည်ထောင်စုစိတ်ဓာတ်ရင့်သန် ခိုင်မာရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ဖော်ဆောင်မှုများ ပြကွက်၊ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့ ပြခန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၏ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့ပြခန်း၊ သတ္တုတွင်းဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ သစ်တောရေးရာ ဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနတို့၏ ပြခန်းများ၊ မူးယစ်ဗဟိုအဖွဲ့၏ မူးယစ်ဆေးဝါး ပပျောက်ရေးပြခန်း၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၏ လျှပ်စစ်စွမ်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့ ပြခန်းနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၏ ပြခန်းများကို ခင်းကျင်းပြသထားသည်။

ထို့ပြင် ကွန်ပျူတာပြကွက်ဖြစ်သော ဉာဏ်စမ်းပဟေဠိပြကွက်တွင် ကွန်ပျူတာ တက္ကသိုလ်(ရန်ကုန်)မှ မာကင်တော့ရှ် ကွန်ပျူတာအလုံး ၃၀ဖြင့် မေးခွန်းပေါင်း ၂၅၀ကို မြန်မာဘာသာဖြင့် မိနစ် ၂၀အတွင်း ထုတ်ယူနိုင်သည့်ပြခန်း၊ Bagan Cybertech ၏ ပြပွဲလာပြည်သူများအား အင်တာနက်အကြောင်းနှင့် အင်တာနက်အသုံးဝင်ပုံတို့ကို ပြသထားသည့် ပြခန်း၊ Forever Group Co., Ltd.၏ ဝန်ထမ်းများနှင့် ပတ်သက်၍ စနစ်တကျစီမံခန့်ခွဲရာတွင် မြန်မာဘာသာဖြင့် အသုံးပြုနိုင်သည့် Staff Management System၊ အစိုးရနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများ၏ မှတ်တမ်းဓာတ်ပုံများကို Digital Formatစနစ်ဖြင့်သိမ်းဆည်းဆောင်ရွက်နိုင်သော Photo Library Management System နှင့် ကျောင်းသား၊ ကျောင်းသူများ၏ အချက်အလက်များကို စနစ်တကျစီမံခန့်ခွဲရာတွင် မြန်မာဘာသာဖြင့် အသုံးပြုနိုင်သော Student Registration System တို့ကို Software သုံးခု၏ ရက်၉၀ စမ်းသပ်အသုံးပြုခွင့်နှင့် အခမဲ့ ရယူခွင့်အစီအစဉ် ပြခန်းတို့ဖြင့် စိတ်ဝင်စားဖွယ်၊ လေ့လာမှတ်သားဖွယ်၊ ဗဟုသုတဖြစ်ဖွယ် ပြခန်းပြကွက်များဖြင့် ခမ်းနားထည်ဝါစွာ ခင်းကျင်းပြသထားသည်။

ပြပွဲကျင်းပရာ ခန်းမ၏အဝင် တစ်ဖက်တစ်ချက်တို့တွင် ပြန်ကြားရေးဝန်ကြီးဌာန စာပေဗိမာန် စာအုပ်အရောင်းဆိုင်နှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်များကို ဖွင့်လှစ်ကာ ပြပွဲလာ ရဟန်းရှင်လူပြည်သူများနှင့် ကျောင်းသား၊ကျောင်းသူများအား စာအုပ်မျိုးစုံတို့ကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။

ယနေ့ဖွင့်လှစ်ပြသသော ပြည်ထောင်စုနေ့ပြပွဲသို့ ပြည်သူ ၆၀၁၆ဦး လာရောက်ကြည့်ရှုလေ့လာကြသည်။

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ပြပွဲကို ယနေ့မှစ၍ ဖေဖော်ဝါရီ ၁၆ရက်အထိ နေ့စဉ်နံနက်၉နာရီမှ ညနေ၅နာရီအတွင်း ဖွင့်လှစ်ပြသသွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုလေ့လာနိုင်သည်။ (သတင်းစဉ်)

☆ ရွှေဖုံးမှ

ရှေးဦးစွာ ပြည်ထောင်စုအလံတော်ကို ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်လေးခရိုင်သို့ လှည့်လည်သယ်ဆောင်ရန်အတွက် ရန်ကုန်မြို့တော်ခန်းမ ပထမထပ်ရှိ မြို့တော်ဝန်ဧည့်ခန်းမငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုအလံတော်ကို နံနက် ၆နာရီ ၁၀မိနစ်တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းကအလေးပြု၍ နုတ်ယူပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ) ရဲအရာရှိလေးဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်ထောင်စုတိုင်းရင်းသား၊ တိုင်းရင်းသူများခြံရံကာ မြို့တော်ခန်းမမှ သတ်မှတ်လမ်းကြောင်းအတိုင်းမဟာဗန္ဓုလလမ်းရှိ မြို့တော်ခန်းမရှေ့သို့ သယ်ဆောင်လာရာ မြို့တော်မင်္ဂလာစည်တော်အဖွဲ့က စည်တော်ရှမ်း၍ ဂုဏ်ပြုကြသည့်နည်းတူ ပြည်သူများကလည်း ဂုဏ်ပြုကြိုဆို အလေးပြုကြသည်။

ဆက်လက်၍ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက မဟာဗန္ဓုလပန်းခြံရှေ့အရောက်တွင် အသင့်စောင့်ဆိုင်းနေသော ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ ပြည်ထောင်စုအလံတော်ကို လွှဲပြောင်းပေးအပ်သည်။ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက မဟာဗန္ဓုလလမ်းအတိုင်း ဆက်လက်သယ်ဆောင်သွားကာ မဟာဗန္ဓုလလမ်းနှင့် မဟာဗန္ဓုလပန်းခြံထောင့်အရောက်တွင် ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်ထံ ပြည်ထောင်စုအလံတော်ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်က ပြည်ထောင်စုအလံတော်ကို သယ်ဆောင်သွားပြီး နံနက် ၆နာရီ ၂၅မိနစ်တွင် ပြည်ထောင်စုအလံတော် သယ်ဆောင်သွားမည့် ပြည်ထောင်စုလှေပေါ်ရှိငွေဖလား၌ စိုက်ထူလိုက်သည်။

ဆက်လက်၍ ပြည်ထောင်စုလှေပေါ်ရှိ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုအလံတော်ကို တပ်မတော် (ကြည်း၊ရေ၊လေ) ရဲအရာရှိလေးဦးနှင့် ပြည်ထောင်စုတိုင်းရင်းသား၊ တိုင်းရင်းသူများလိုက်ပါ၍ ရန်ကုန်တောင်ပိုင်းခရိုင်ကိုယ်စားပြု သန်လျင်မြို့သို့ ပြည်ထောင်စုလှေဖြင့် မဟာဗန္ဓုလလမ်းအတိုင်း မဟာဗန္ဓုလတံတားကိုဖြတ်၍ ယမုံနာလမ်း၊ ရွှေခင်းသာ မြို့ပတ်လမ်း၊ သန်လျင်တံတား ချဉ်းကပ်လမ်းမှ သန်လျင်တံတားကိုဖြတ်ပြီး ကျိုက်ခေါက်ဘုရားလမ်းအတိုင်း သန်လျင်မြို့နယ် သီဟဒီပအားကစားကွင်းသို့ ဖြတ်သန်းသယ်ဆောင်ရာ ကျောက်တံတားမြို့နယ်၊ ဗိုလ်တထောင်မြို့နယ်၊ ပုဇွန်တောင်မြို့နယ်၊ ဒေါပုံမြို့နယ်၊ သာကေတမြို့နယ်တို့မှ မြို့နယ်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဝန်ထမ်းများ၊ စက်ရုံအလုပ်ရုံများမှ အလုပ်သမားများ၊ သူနာပြု ဆရာ၊ ဆရာမများ၊ မြို့ပေါ်ကျေးရွာ၊ ရပ်ကွက်များရှိ တောင်သူလယ်သမားများနှင့် ထောင်ပေါင်းများစွာသော ပြည်သူများက လှိုက်လှိုက်လှဲလှဲ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြပြီး အလေးပြုကြသည်။

ပြည်ထောင်စုအလံတော်ကို သယ်ဆောင်လာသည့် ပြည်ထောင်စုလှေသည် သန်လျင်မြို့အဝင် ကြိုဆိုရေးမုခ်ဦးသို့အရောက်၌ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်က နံနက်၇နာရီမိနစ်၂၀တွင် ပြည်ထောင်စုလှေပေါ်ရှိ ငွေဖလား၌စိုက်ထူထားသော ပြည်ထောင်စုအလံတော်ကို အလေးပြု၍ နုတ်ယူပြီး တပ်မတော်(ကြည်း၊ရေ၊လေ) ရဲအရာရှိလေးဦးတို့နှင့် တိုင်းရင်းသား၊ တိုင်းရင်းသူများခြံရံ၍ သယ်ဆောင်လာကာ ရန်ကုန်တောင်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးလွင်ဦး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ရန်ကုန်တောင်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးလွင်ဦးခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့က ကျိုက်ခေါက်ဘုရားလမ်းအတိုင်း သယ်ဆောင်လာပြီး သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ဇော်ဝင်းခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့အား လွှဲပြောင်းပေးအပ်သည်။

သန်လျင်တံတားထိပ်မှ ကျိုက်ခေါက်စေတီလမ်းအတိုင်း သန်လျင်မြို့အတွင်း ပြည်ထောင်စုအလံတော်ကို အဆင့်ဆင့်လက်ဆင့်ကမ်းသယ်ဆောင်ရာတွင် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ကိုးမြို့နယ်တို့မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဘင်ခရာတီးဝိုင်းနှင့် ပန်းဖွားအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များအပါအဝင် ဒေသခံပြည်သူအင်အား ၈၀၀၀ကျော်တို့က ကျိုက်ခေါက်စေတီလမ်းတစ်လျှောက် လမ်းဘေးဝဲယာတို့မှ ပြည်ထောင်စုအလံငယ်များ ဝှေ့ယမ်း၍လည်းကောင်း၊ ဘင်ခရာနှင့် ပန်းဖွားအကများ၊ အိုးစည်ဒိုးပတ်များဖြင့် ဂုဏ်ပြုတီးမှုတ်ကခုန်၍လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

အလားတူ သီဟဒီပအားကစားကွင်း အဝင်လမ်းတစ်လျှောက်တွင်လည်း ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူအင်အား ၁၀၀၀ကျော်တို့က ပြည်ထောင်စုအလံတော်အား သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးဦးခင်မောင်လင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့က သန်လျင်မြို့ သီဟဒီပအားကစားကွင်းအဝင်လမ်းအတိုင်း ပြည်ထောင်စုအလံတော်ကို သယ်ဆောင်လာပြီးနောက် သီဟဒီပအားကစားကွင်းအဝင် အလံတော်ကြိုဆိုရေး မုခ်ဦးအရောက်၌ ရန်ကုန်တောင်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်ထံသို့ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုအလံတော်ကို ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်က တပ်မတော်(ကြည်း၊ရေ၊လေ) ရဲအရာရှိလေးဦးနှင့် ပြည်ထောင်စုတိုင်းရင်းသား၊ တိုင်းရင်းသူများ ခြံရံလိုက်ပါလျက် သီဟဒီပ အားကစားကွင်းအတွင်း ဆက်လက်သယ်ဆောင်သွားရာ သန်လျင်မြို့ သဘင်ပညာရှင်များ၏ မင်္ဂလာစည်တော်အဖွဲ့က စည်တော်ရှမ်း၍ ဂုဏ်ပြုကြိုဆိုသည်။

ထို့နောက် အဆင့်ဆင့် လက်ဆင့်ကမ်းသယ်ဆောင်လာသော ပြည်ထောင်စုအလံတော်ကို ခရိုင်အေးချမ်းသာယာရေးနှင့် **စာမျက်နှာ ၄ ကော်လံ ၁ သို့** ☆

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီးဒေါ်မြမြစန်း စစ်ကိုင်းတိုင်း ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော်

စတုတ္ထအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် တက်ရောက်ကြည်ညို

ရန်ကုန် ဖေဖော်ဝါရီ ၈

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် ကန့်ဘလူမြို့ မဟာကမ္ဗလ ကုန်းတော်ပြင်၌ တည်ထားသည့် မဟာရွှေစည်ကြီးစေတီတော်၏ စတုတ္ထအကြိမ် ဗုဒ္ဓပူဇနိယ ပွဲတော်ကို ဖေဖော်ဝါရီ ၆ရက်နံနက်ပိုင်းတွင် မဟာရွှေစည်ကြီး စေတီတော်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့ တက်ရောက် ကြည်ညိုကြပြီး သံဃာတော်အရှင်သူမြတ်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

မဟာရွှေစည်ကြီး စေတီတော် စတုတ္ထအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်သို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ရွှေဘိုမြို့ ပုခန်းကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိမလာဘိဝံသ၊ လားရှိုးမြို့ မြို့လယ် စာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ စန္ဒိမာ၊ ကန့်ဘလူမြို့ မြို့ရှေ့ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဇဝန၊ ကန့်ဘလူမြို့ တောင်ကျောင်းကြီး ကျောင်းဆရာတော် ဘဒ္ဒန္တ ဝိမလ၊ စစ်ကိုင်းတိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ စစ်ကိုင်းမြို့ ထူပါရုံရွှေကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဉာဏောဘာသတို့ အမှူးပြုသည့် ပင့်ဖိတ်တော်မူထားသော ဆရာတော်၊ သံဃာတော်စုစုပေါင်း၄၅ပါး ကြွရောက် ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်ဇနီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်း၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့်ဇနီး၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဇနီး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တရားရုံးချုပ် (မန္တလေး)မှ ဒုတိယတရားသူကြီးချုပ်၊ တပ်မတော် အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စစ်ကိုင်းတိုင်းမှ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရွှေဘိုခရိုင်နှင့် ကန့်ဘလူမြို့နယ်တို့မှ တာဝန်ရှိသူများ၊ ဗုဒ္ဓပူဇနိယ ပွဲတော် ကျင်းပရေးကော်မတီဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်း အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဒေသခံ ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် အဖွဲ့ဝင်များနှင့်အတူ နံနက်၅နာရီတွင် မဟာရွှေစည်ကြီးစေတီတော်သို့ ရောက်ရှိကြပြီး စေတီတော်အား ဆွမ်း၊ သစ်သီး၊ ဆီမီး၊ ပန်း၊ ရေချမ်းတို့ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သံဃာတော်အရှင်သူမြတ် ၄၅ပါးတို့က မဟာရွှေစည်ကြီးစေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ရွှေဘိုမြို့ ပုခန်းကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိမလာဘိဝံသထံမှ သီလခံယူ ဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်သည့် ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များသည် စေတီတော်၏ သာသနာ့ ဗိမာန်တော်၌ သံဃာတော် အရှင်သူမြတ်များအား အရုဏ်ဆွမ်း ဆက်ကပ်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီးဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ ဒေသခံ ပြည်သူများသည် သံဃာတော် အရှင်သူမြတ်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို လောင်းလှူကြသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲအပြီးတွင် မဟာရွှေစည်ကြီးစေတီတော် စတုတ္ထအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်မင်္ဂလာ၊ ကေသဓာတ်ဌာပနမင်္ဂလာနှင့် သာမဏေရ ပဗ္ဗဇ္ဇာဘိသေက အလှူတော်မင်္ဂလာ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မင်္ဂလာ အခမ်းအနားများ၏ ရေစက်ချ မင်္ဂလာ အခမ်းအနားကို သာသနာ့ဗိမာန်တော်၌ နံနက်၉နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် အခမ်းအနားမှူး အဖြစ် ကန့်ဘလူမြို့မှ ဦးထင်လင်းက ဆောင်ရွက်ပြီး အခမ်းအနား အစီအစဉ်များကို ဖတ်ကြားလျှောက်ထားတင်ပြသည်။

အစီအစဉ်အရ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ထို့နောက် စစ်ကိုင်းတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ စစ်ကိုင်းမြို့ ထူပါရုံ ရွှေကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဉာဏောဘာသထံမှ ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ သံဃာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီးဒေါ်မြမြစန်းတို့သည် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ရွှေဘိုမြို့ ပုခန်းကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိမလာဘိဝံသအား ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ၊ နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယ ဗိုလ်ချုပ်ကြီး တင်အေးတို့က ဆရာတော်ကြီးများအား ပရိက္ခရာ ရှစ်ပါးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ် (ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ တိုင်းမှူးများ၊ ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီး များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အလှူရှင်များသည် ဆရာတော် သံဃာ တော်အရှင်သူမြတ်များအား ပရိက္ခရာ ရှစ်ပါးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ဝင် ရွှေဘိုမြို့ ပုခန်း ကျောင်းတိုက် ပဓာနနာယက ဆရာ တော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိမလာ ဘိဝံသက အနုမောဒနာနှင့် ရေစက်ချ တရားတော် ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီးဒေါ်မြမြစန်းနှင့်အဖွဲ့ ဝင်များ၊ ပရိသတ်များသည် လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေး ဝေကြသည်။

ထို့နောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းပြီး အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်များအား ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲပိုင်းတွင် မဟာရွှေစည်ကြီးစေတီ သာသနာ့ ဗိမာန်တော်၌ ကျင်းပသည့် ရှင်၁၀၈ပါး သာမဏေရ ပဗ္ဗဇ္ဇာဘိသေက ရှင်ပြု မင်္ဂလာအခမ်းအနားသို့လည်း တက် ရောက်ကြည်ညိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အဖွဲ့ဝင်များသည် မဟာ ရွှေစည်ကြီးစေတီတော် ပရိဝုဏ်ရှိ ဗောဓိညောင်နှင့် ဗုဒ္ဓရုပ်ပွားတော်များ ကိုလည်းကောင်း၊ မဟာရွှေစည်ကြီး စေတီတော်ကို လည်းကောင်း ဖူးမြော် ကြည်ညိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အဖွဲ့ဝင်များသည် မဟာ ရွှေစည်ကြီး ပရိယတ္တိ စာသင်တိုက်သို့ ရောက်ရှိကြပြီး စာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ အာစာရ အားဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီးဒေါ်မြမြစန်း စစ်ကိုင်းတိုင်း ကန့်ဘလူမြို့ မဟာရွှေစည်ကြီး စေတီတော်၏ စတုတ္ထအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်နှင့် မင်္ဂလာအခမ်းအနားများ၏ ရေစက်ချမင်္ဂလာအခမ်းအနားတွင် သံဃာတော် အရှင်မြတ်များအား ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြစဉ်။ (သတင်းစဉ်)

☆ စာမျက်နှာ ၃ မှ

ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်က နံနက်၈နာရီခွဲတွင် သန်လျင်မြို့ သီဟဒီပအားကစားကွင်းစင်မြင့်ထက်ရှိ ငွေဖလား၌ စိုက်ထူလိုက်သည်။ ထိုအချိန်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်သူလူထု၈၁၀၀ကျော်တို့က ပြည်ထောင်စုအလံတော်ကို အလေးပြုကြရာ ဇရာဝတီ ရေတပ်စခန်းဌာနချုပ်မှ စစ်တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်ပေးသည်။

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော် တစ်ညတာညအိပ်ရပ်နားရာ သန်လျင်မြို့ သီဟဒီပအားကစားကွင်း၌ ယနေ့နံနက်ပိုင်းမှစ၍ ညပိုင်းအထိ မြို့နယ်အသီးသီးမှ ပြည်သူများက အလံတော်ကို လာရောက်အလေးပြုကြရာ အထူးစည်ကားလျက်ရှိသည်။

ပြည်ထောင်စုအလံတော် တစ်ညတာညအိပ်ရပ်နားရာ သန်လျင်မြို့သီဟဒီပ အားကစားကွင်း၌ ဝန်ကြီးဌာန အသီးသီးမှ ဌာနဆိုင်ရာပြခန်းများနှင့် အရောင်းဆိုင်ခန်းများ စုစုပေါင်း၁၅ခန်းကို ခင်းကျင်းပြသထားသည်။

အလားတူညပိုင်းတွင် သီဟဒီပအားကစားကွင်း၌ မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်က ရုပ်ရှင်သတင်းကားများနှင့် ရုပ်ရှင်ဇာတ်လမ်းများကို ပြသပေးပြီး ရွှေဝါဝင်းအငြိမ့်အဖွဲ့ကလည်း ကပြဖျော်ဖြေကြသည်။ (သတင်းစဉ်)

○ ဘင်းမ်စတက်မှ

ပွဲဦးထွက် ပွဲစဉ်တွင် အိန္ဒိယလူငယ်နှင့် ဂိုးမရှိသရေ၊ ဖေဖော်ဝါရီ ၆ရက် ဒုတိယနေ့ ဒုတိယပွဲစဉ်တွင် ဘူတန်လူငယ်အသင်းကို ငါးဂိုးပြတ်ဖြင့် အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

ပထမအကြိမ် အနိုင်ရဗိုလ်စွဲ

ဖေဖော်ဝါရီ၇ရက်တွင် ကျင်းပသည့် အကြိုဗိုလ်လုပွဲတွင် ဘင်္ဂလားဒေ့ရှ် လူငယ်အသင်းကို သုံးဂိုးပြတ်ဖြင့် ဆက်လက်အနိုင်ရရှိပြီး ဖေဖော်ဝါရီ ၈ရက်(ယနေ့)တွင်ကျင်းပသည့် ဗိုလ်လုပွဲ၌ တစ်အုပ်စုတည်းမှ ပြိုင်ဘက် အိန္ဒိယလူငယ်အသင်းနှင့် ထပ်မံရင်ဆိုင်ကစားကြရာ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ မြန်မာလူငယ်အသင်းသည် ပထမအကြိမ်ကျင်းပသည့် ဘင်းမ်စတက်ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခြင်းဖြစ်သည်။

အောင်ပွဲရ အသက်(၁၈)နှစ်အောက် မြန်မာလူငယ်အသင်းသည် ဖေဖော်ဝါရီ ၉ရက် ညဖနာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၉-၂-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၀၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈:၁၅ ၈။ အတီးပြိုင်ပွဲ
- ၈:၂၀ ၉။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၁၀။ International News.
- ၈:၄၅ ၁၁။ Let's Go.
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၂:၅၀ ၁။ ၂၀၀၄ခုနှစ် (၄၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စု ဒိုင်း အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ တိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ် (ဗိုလ်လုပွဲ) (ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်း)
- ၃:၄၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၀၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
- ၅:၁၅ ၄။ အကပဒေသာ
- ၅:၂၅ ၅။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
- ၅:၃၅ ၆။ ချင်းရိုးရာဝတ်စားဆင်ယင်မှု
- ၅:၄၅ ၇။ (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၅၅ ၈။ ကယားပြည်နယ် ယဉ်ကျေးမှုဗိမာန်
- ၆:၀၅ ၉။ (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၆:၁၅ ၁၀။ Discovery.
- ၆:၃၀ ၁၁။ ညနေခင်းသတင်း
- ၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၃။ Milo Success In Soccer.
- ၇:၁၀ ၁၄။ ပြည်သူ့ဆောက်လုပ်ရေး စွမ်းအား မိုးကောင်းတံတား
- ၇:၂၀ ၁၅။ မြစ်ဧရာ၏အစနှင့် မြစ်ကျဉ်းများ၏အလှ (အပိုင်း-၁)
- ၇:၄၅ ၁၆။ **ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန် ခိုင်မာရန်မှာ ဒို့ဝန်တာ အေးချမ်းဝေစည် ရှမ်းတို့ဌာနီ (အရှေ့ပိုင်း)**
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ တုံ့မယူလို (အပိုင်း-၂၄)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

ဘင်းမ်စတက်ချန်ပီယံ မြန်မာ

ကျော်မျိုးနိုင်

၈-၂-၂၀၀၄ရက်နေ့ ညနေ ၅နာရီခန့်တွင် ဘောလုံးအဖွဲ့ချုပ်မှ ဖုန်းဝင်လာသည်။ ပထမအကြိမ် အသက်(၁၈)နှစ်အောက် ဘင်းမ်စတက် (BINSTEC) လူငယ်ဘောလုံးပြိုင်ပွဲတွင် မြန်မာလူငယ်အသင်း ဗိုလ်စွဲသွားပြီဆိုသည့်အကြောင်း၊ ထို့နောက် ၆နာရီခွဲတွင် အိုလံပစ်ဟိုတယ်(သုဝဏ္ဏ)တွင် ဘောလုံးအဖွဲ့ချုပ် အမှုဆောင် အစည်းအဝေးရှိသဖြင့် တက်ရောက်ပါရန် ဖိတ်ကြားသည့်အကြောင်း၊ ယခုတလော ထိုအိုလံပစ်ဟိုတယ်(သုဝဏ္ဏ)သို့ မကြာခဏ ရောက်နေရသည်။ သို့သော် ယခုအကြိမ်က မင်္ဂလာအရှိဆုံး။

မြန်မာလူငယ်အသင်းကို ပြိုင်ပွဲမသွားမီ တစ်ရက်အလိုကလည်း ပဒုမ္မာကွင်းတွင် နံနက်စောစောတွေ့ခဲ့ရသည်။ ထိုစဉ်က အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်း၊ ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်ကို၊ ဒုတိယဥက္ကဋ္ဌ ဦးဝေယံတို့ကိုပါတွေ့ခဲ့ရသည်။ ဖူးခက်သို့ထွက်ခွာသည့်နေ့ကလည်း လေဆိပ်တွင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရ အေးမြင့်နှင့် အတူတွေ့လိုက်ရသည်။ အသင်းနှင့်အတူ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်လည်း တစ်ပါတည်း လိုက်ပါသွားခဲ့သည်။ မြန်မာ့လက်ရွေးစင် လူငယ်လေးများ၏ မျက်နှာများက အားမာန်အပြည့်။

ယှဉ်ပြိုင်ကြတော့ အုပ်စုပွဲစဉ်တွင် ပထမရပြီး အကြိုဗိုလ်လုပွဲတွင်ဘင်္ဂလားဒေ့ရှ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲတက်ခဲ့သည်။

တစ်ဖက်အုပ်စုတွင် အိန္ဒိယအသင်းက ထိုင်းအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ဗိုလ်လုပွဲတက်ခဲ့သည်။ ၈-၂-၂၀၀၄ ရက်နေ့ မြန်မာစံတော်ချိန် ၂နာရီ ၃၀မိနစ်တွင် မြန်မာနှင့် အိန္ဒိယအသင်းတို့ စတင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပွဲစပြီး ၁၄ မိနစ်တွင် နောက်တန်းမှ အောင်ထွန်းလင်း ကန်ပို့သည့်ဘောလုံး

အိန္ဒိယအသင်းမှ ဂိုးသမား လက်ဦးနေသော်လည်း ဘိုဘိုအောင်က ခုန်ပြီးတိုက်ခဲ့ရာမှ ထိုင်းဒိုင်လူကြီးက အနီကတ်ပြ ထုတ်ခြင်းခံခဲ့ရသည်။ ထို့နောက်မြန်မာအသင်းက ၁၀ယောက်ဖြင့် ကစားရသော်လည်း စိတ်ဓာတ်လုံးဝမကျဘဲ အစွမ်းကုန် ကြိုးစားကစားခဲ့ကြသည်။ ပထမပိုင်းပြီးသည်အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ကြ။ ဒုတိယပိုင်း ၂၉မိနစ်တွင် မြန်မာအသင်းမှ ထွန်းထွန်းဝင်း ကန်ပို့လိုက်သော ထောင့်ကန်ဘောလုံးကို အောင်ဝင်းနိုင်က သွင်းယူလိုက်သဖြင့် မြန်မာအသင်း ဘင်းမ်စတက် ချန်ပီယံ ဖြစ်သွားခဲ့သည်။

ဤပြိုင်ပွဲတွင် ထူးခြားချက်နှစ်ရပ်ကို မြင်တွေ့ခဲ့ရသည်။ ပထမအချက်မှာ မိမိမှ ၁၀ယောက်တည်းဖြင့် ၇၆မိနစ်ကစားခဲ့ရရုံသာမက အနိုင်ဂိုးကိုပင်သွင်းယူနိုင်ခဲ့သည်။ ဒုတိယအချက်မှာ ပွဲစဉ်တစ်လျှောက်လုံးတွင် တစ်ဂိုးမှ အသွင်း မခံရအောင် ကာကွယ်သွားနိုင်ခဲ့ခြင်းဖြစ်သည်။

ယနေ့ညနေဆိုလျှင် အမိနိုင်ငံသို့ အောင်ပွဲနှင့်အတူ ပြန်လာကြတော့မည်။ အောင်မြင်မှု အရှိန်အဟုန်ကို ဆက်လက် ထိန်းသိမ်းသွားနိုင်ရေး ဘောလုံးအဖွဲ့ချုပ်အနေဖြင့် တက်ညီလက်ညီ ဆက်လက် ကြိုးစားသွားကြပါဟု ဆန္ဒပြုလိုက်ရပါတော့သည်။ ။

လေဆိပ်၌ အမှတ်တရ

ပြိုင်ပွဲဝင် ခရီးမထွက်ခွာမီ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ အမှတ်တရ။

အနိုင်ဂိုးသွင်းသူ

မြန်မာလူငယ် ဘောလုံးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုး သွင်းပေးသူ အောင်ဝင်းနိုင်(ခ)အောင်ဇော်မျိုး။

(ကြေးမုံ)

ပြိုင်ပွဲမဝင်မီ လေ့ကျင့်ရေး၌ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်အတူ။

ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား တွေ့ဆုံနှုတ်ဆက်

ရန်ကုန် ဖေဖော်ဝါရီ ၈

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်ရန် ရန်ကုန်မြို့၌ ရောက်ရှိနေကြသည့် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များဖြစ်ကြသော ပြည်နယ်နှင့်တိုင်းများမှ ရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်ကိုယ်စားလှယ်များအား ယနေ့ညနေ၄နာရီခွဲတွင် ရန်ကုန်မြို့ ဘုရင့်နောင်လမ်းရှိ အမှတ်(၁)စစ်ကြောရေးနှင့် တည်ခိုရေးစခန်း၌ တွေ့ဆုံနှုတ်ဆက်သည်။

တွေ့ဆုံနှုတ်ဆက်ပွဲသို့ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဝင်များ၊ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များ ဖြစ်ကြသော ပြည်နယ်နှင့်တိုင်းများမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ တက်ရောက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားတွင် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များဖြစ်ကြသော ပြည်နယ်နှင့်တိုင်းများမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များအား တစ်ဦးချင်း ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ညနေပိုင်းတွင် အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်းမှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ရီပိုတာ ဂျာနယ်ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၈

မင်းရွှေမောင်၏ အီရတ် WMD ကိစ္စတစ်ခန်းရပ် တစ်ဇာတ်သိမ်းခဲ့ပြီ၊ မြေမြီကုန်းဖိုးလုံး၏ ရတက်မအေးစရာကောင်းတဲ့ ပါလက်စတိုင်းသားတို့ရဲ့ အခြေအနေ၊ ရသစုံ ဆောင်းပါးများ အပါအဝင် အင်တာနက်သတင်းများကို ဓာတ်ပုံဝေဝေဆာဆာဖြင့် ဖော်ပြထားသော Reporter နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၁၀၇)ကို ထုတ်ဝေလိုက်သည်။ ဆက်သွယ်ရန် ဖုန်း-၇၂၀၇၇၇၉ဖြစ်သည်။ **(ဝဲပုံ)** (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉-၂-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၉:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြပဟန် ဂီတသံ
၄:၂၀ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄:၃၀ ၆။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၀ ၇။ မျိုးချစ်တပ်မတော်
၄:၅၀ ၈။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
(က) ဒုတိယနှစ် (ဒဿနိကဗေဒ)
(ခ) တတိယနှစ် (သမိုင်း)
၅:၃၀ ၁၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၃၅ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၄၅ ၁၇။ မြန်မာ့လက်သီး
၇:၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တစ်ရေးချစ်ခွင့်" အပိုင်း(၆)**
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး" အပိုင်း (၂၆)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

အမေရိကန်နှင့်အပေါင်းပါတို့၏ ကျူးကျော်မှုအောက်မှ အီရတ်မြင်ကွင်း

အီရတ်စစ်ပွဲ မှတ်တမ်းများ

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ အီရတ်တွင် သေဆုံးခဲ့ရမှု

အီရတ်နိုင်ငံတွင် ရက်သတ္တပတ်တိုင်း၌ အမေရိကန်တပ်ဖွဲ့ဝင် ပျမ်းမျှသုံးဦးမှခြောက်ဦးထိ သေဆုံးလျက်ရှိပြီး ၄၀ခန့် ဒဏ်ရာရရှိခဲ့သည်။ မကြာသေးမီလများအတွင်း၌ ပျမ်းမျှတိုက်ခိုက်မှုသည် တစ်ပတ်လျှင် ၁၅ကြိမ်နှင့် ၂၀ကြားရှိမြဲရှိခဲ့သည်။ ခုခံတိုက်ခိုက်ရေးသမားများသည် ပိုမိုခေတ်မီဆန်းပြားသော လက်နက်များကို အသုံးပြုကာ တိုက်ခိုက်လျက်ရှိသည်။

၂၀၀၄ခုနှစ် ဇန်နဝါရီ ၁၈ရက်က အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာမြို့တွင် လမ်းဘေး၌ ထောင်ထားသည့် ဗုံးတစ်လုံးပေါက်ကွဲမှုကြောင့် ဗြိတိသျှတပ်ဖွဲ့မှ စစ်ဘက်သုံး လင့်ရိုဗာကားတစ်စီး ပျက်စီးသွားပြီးနောက် ဗြိတိသျှတပ်ဖွဲ့ဝင်များက လုံခြုံရေးဆောင်ရွက်နေစဉ်။

၅-၂-၂၀၀၄ အထိ အီရတ်နိုင်ငံတွင် အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့များ သေဆုံးခဲ့ရမှု

နိုင်ငံ	တိုက်ပွဲ	အခြားဖြစ်စဉ်	စုစုပေါင်း
အမေရိကန်	၃၆၉	၁၆၀	၅၂၉
ဗြိတိန်	၂၀	၃၇	၅၇
အပေါင်းပါနိုင်ငံများ	၃၅	၆	၄၁
စုစုပေါင်း	၄၂၄	၂၀၃	၆၂၇

ဘဂ္ဂဒက်မြို့တွင် အဝေးထိန်းကိရိယာဖြင့် ဖောက်ခွဲသည့် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးခဲ့ရသည့် အပျက်အစီးများကို အမေရိကန်တပ်ဖွဲ့ဝင်များက ၂၀၀၃ခုနှစ် ဩဂုတ် ၂ ရက်က ကြည့်ရှုစစ်ဆေးနေစဉ်။

မိုင်းပေါက်ကွဲပျက်စီး

၂၀၀၄ခုနှစ် ဇန်နဝါရီ ၁၇ရက်က မြို့တော်ဘဂ္ဂဒက်မြောက်ဘက် တာဂျီမြို့အနီး အဝေးပြေးလမ်းမပေါ်တွင် ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသည့် ဘရက်လေအမျိုးအစား တိုက်ခိုက်ရေးယာဉ်တစ်စီးကို အမေရိကန်တပ်ဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးနေစဉ်။ (ယင်းတိုက်ခိုက်မှုတွင် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦး သေဆုံးခဲ့ရသည်။)

အမေရိကန်ဟမ်းဗီးယာဉ် ပျက်စီး

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ၂၀၀၃ခုနှစ် ဩဂုတ် ၉ရက်က ဗုံးတစ်လုံးပေါက်ကွဲမှုကြောင့် ပျက်စီးခဲ့ရသည့် အမေရိကန် ဟမ်းဗီးစစ်ယာဉ်ကို တွေ့ရစဉ်။

အမေရိကန် အမှတ်(၃)ခြေလျင်တပ်မမှ ခဲယမ်းများ တင်ဆောင်လာသော သယ်ယူပို့ဆောင်ရေးယာဉ်တစ်စီး အီရတ်နိုင်ငံ ကာဘာလာမြို့အနီး၌ ၂၀၀၃ခုနှစ် မေ ၂ရက်က ပေါက်ကွဲမှုဖြစ်ပွားပြီး မီးလောင်ကျွမ်းနေစဉ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်

ပဲခူးတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း

၁၁-၂-၂၀၀၃ ရက်က ဖွင့်လှစ်ခဲ့သော ပဲခူးတိုင်း ရွှေကျင်မြို့နှင့် မဒေါက်မြို့ကို ပေါင်းကူးဆက်သွယ်ပေးသည့် စစ်တောင်းတံတား (ရွှေကျင်-မဒေါက်)ကို တွေ့ရစဉ်။

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
စိုက်ပျိုးရေး		
အသားတင်စပါးစိုက်ဧက	၁၂၀၀၀၀၀	၁၅၈၀၀၀၀
ဆည်တာတမံ	၁၆	၃၇
စက်မှုကဏ္ဍ		
နိုင်ငံပိုင်စက်မှုဇုန်	-	၁ (အင်းတကော်)
ပုဂ္ဂလိကစက်မှုဇုန်	-	၁ (ခေတ္တရာ)
လမ်း/တံတား		
ကတ္တရာလမ်းမိုင်	၅၅၄	၅၈၄
ကျောက်ချောလမ်းမိုင်	၁၄၄	၁၉၁
ပေ ၁၈၀အထက်တံတား	၅၀	၆၄
ပေ ၁၈၀အောက်တံတား	၂၇၄၂	၃၂၆၇

ပဲခူးတိုင်း တောင်ငူမြို့ရှိ တောင်ငူတက္ကသိုလ် သုံးထပ်စာသင်ဆောင်သစ်များကို တွေ့ရစဉ်။

ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဓာတ်ပုံမှတ်တမ်း

ဧရာဝတီ မြစ်ကူးတံတားကြီးဖြစ်သည့် နဝဒေးတံတားကြီးသည် ပဲခူးတိုင်း(အနောက်ပိုင်း) ဧရာဝတီမြစ် အရှေ့ဘက်ကမ်း ပြည်မြို့နှင့် အနောက်ဘက်ကမ်း ပန်းတောင်းမြို့နယ်တို့ကို ဆက်သွယ်ပေါင်းကူးပေးလျက်ရှိသည်။

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
ဆက်သွယ်ရေး		
စာတိုက်	၆၅	၉၂
ကြေးနန်းရုံး	၁၇	၂၁
အော်တိုအိတ်ချိန်း	၃	၆
အော်တိုတယ်လီဖုန်း	၃၃၀၀	၁၂၄၂၅
ပြန်ကြားရေး		
ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ	၂	၄
e-Library	၁	၃
စာကြည့်တိုက်	-	၁၁၅

ပဲခူးတိုင်း(အနောက်ပိုင်း) အုတ်ဖိုမြို့နယ်တွင် တည်ဆောက်ဖွင့်လှစ်ခဲ့သော ဂမုန်းရေလှောင်တမံကို တွေ့ရစဉ်။

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
အခြေခံပညာရေး		
အထက်တန်းကျောင်း	၈၀	၉၅
အလယ်တန်းကျောင်း	၁၈၁	၂၂၇
မူလတန်းကျောင်း	၃၄၅၀	၃၉၇၄
အဆင့်မြင့်ပညာရေး		
တက္ကသိုလ်	-	၃
ကောလိပ်	၂	၆
ကျန်းမာရေး		
ဆေးရုံ(ခုတင်-၂၀၀)	၁	၂
ဆေးရုံ(၂၅-ခုတင်)	၂	၄
တိုက်နယ်ဆေးရုံ	၃၇	၄၆
ကျေးလက်ကျန်းမာရေးဌာန	၇၇	၁၅၁
ကျေးလက်ကျန်းမာရေးဌာနခွဲ	၃၇၄	၄၀၈
သူနာပြုသင်တန်းကျောင်း	၁	၂



စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့

ယနေ့ မြန်မာနိုင်ငံတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အမျိုးသားရေးတာဝန်အဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံရေးဦးတည်ချက်(၄)ရပ်၊ စီးပွားရေးဦးတည်ချက်(၄)ရပ်၊ လူမှုရေးဦးတည်ချက်(၄)ရပ် ချမှတ်ကာ တစ်မျိုးသားလုံး၏ ရည်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် စီမံချက်ဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

ပထမအဆင့်အနေဖြင့် နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်နိုင်ငံတည်ဆောက်ရာတွင် မရှိမဖြစ်လိုအပ်သည့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ရရှိရေးကို ရှေးဦးစွာဆောင်ရွက်ခဲ့သည်။ လွတ်လပ်ရေးရရှိပြီးသည့်နောက် နယ်ချဲ့တို့ပယောဂကြောင့် တိုင်းရင်းသား ညီအစ်ကိုအချင်းချင်း သံသယစိတ်ပွားကာ ပေါ်ပေါက်လာခဲ့သည့် လက်နက်ကိုင် ပဋိပက္ခများကြောင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ထိထိရောက်ရောက် မစွမ်းဆောင်နိုင်ခဲ့သည့် အတိတ်ကာလ အတွေ့အကြုံများကို သင်ခန်းစာရယူကာ အမျိုးသား စည်းလုံးညီညွတ်ရေး တည်ဆောက်နိုင်ရန်အတွက် တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းများကို ငြိမ်းချမ်းရေး ကမ်းလှမ်းဖိတ်ခေါ်ခြင်း၊ တွေ့ဆုံဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သည်။ သဘောတရားရေးရာ တွင် လက်ဝဲစွန်းမှ လက်ယာစွန်းအထိ အသွေးအရောင် စုံလင်လှသည့်အပြင် ခံယူချက်တွင်လည်း လက်ယာ လူမျိုးရေးဝါဒမှ လက်ဝဲပစ္စည်းမဲ့ ဝါဒတိုင်မျိုးစုံလင်လှသည့် တောတွင်း လက်နက်ကိုင်အဖွဲ့အစည်းများသည် နိုင်ငံတော်၏ စေတနာ၊ နိုင်ငံတော်၏ လုပ်ဆောင် ချက်များနှင့် စိတ်ရင်းစေတနာမှန်ကိုသိရှိလာပြီး လက်နက်ကိုင်လမ်းစဉ်ကို စွန့်ကာ တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသဖြင့် လွတ်လပ်ရေးရရှိပြီး နှစ်(၄၀)တိုင် မကြုံဖူးသည့် ထူးကဲသော အေးချမ်းတည်ငြိမ်မှုနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပြန်လည်တည်ဆောက်မှုကို ဆောင်ရွက်နိုင်ခဲ့သည့်မှတ်တမ်းကို သမိုင်းတင်နိုင်ခဲ့သည်။

အေးချမ်းတည်ငြိမ်မှုရလာသည်နှင့်အမျှ နိုင်ငံတော် အစိုးရသည် ပြည်ထောင်စုကြီး တိုးတက်ဖွံ့ဖြိုးရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခိုင်မာရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေး၊ ပြည်ထောင်စုအဝန်း နယ်မြေဒေသအားလုံး တစ်ဆက်တစ်စပ်တည်း သွားလာဆက်သွယ်နိုင်ရေး၊ ဒေသတစ်ခုနှင့်တစ်ခုအကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် ကျဉ်းမြောင်းစေရေးအတွက် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့သည်။

ဤသို့ဖြင့် အေးချမ်းတည်ငြိမ်မှု ရရှိလာသော နိုင်ငံတော်အဝန်းတွင် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် လိုအပ်သော တည်ဆောက်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ခဲ့သည်။ လမ်းတို၊ လမ်းလတ်၊ လမ်းရှည်များ နိုင်ငံတော်အတွင်း ကွန်ရက်သဖွယ်ပေါ်ပေါက်လာခဲ့သည်။ မြန်မာနိုင်ငံ၏ မြောက်နှင့်တောင်ဆက်သွယ်သည့်အဓိကလမ်းမကြီးများ ဖြစ်သော ရန်ကုန်–စစ်တွေ ပြည်ထောင်စုလမ်းမကြီး၊ ဧရာဝတီ အရှေ့ဘက်ကမ်း မန္တလေး–တကောင်း–ရွှေကူ–ဗန်းမော်–မြစ်ကြီးနား–ပူတာအို ပြည်ထောင်စု လမ်းမကြီးတို့အပြင် မကြာမီ ပေါ်ထွန်းလာတော့မည့် ရန်ကုန်–မော်လမြိုင်–ထားဝယ်–မြိတ်–တနင်္သာရီ–ဘုတ်ပြင်း–ကော့သောင်း ပြည်ထောင်စု လမ်းမကြီး တို့ပင်ဖြစ်သည်။

ထို့အပြင် နယ်စပ်ဒေသ မိုင်းလား–ကျိုင်းတုံ–တာချီလိတ်လမ်း၊ တောင်ကြီး–မိုင်းပန်–လင်းခေး–တာဆန်း–မိုင်းတုံ–မိုင်းဆတ်လမ်း၊ မန္တလေး–လားရှိုး–သိန္နီ–ကွတ်ခိုင်–မူဆယ်လမ်း၊ သိန္နီ–ကွမ်းလုံ–ချင်းရွှေဟော်–လောက်ကိုင်လမ်းနှင့် တောင်ကြီး–ရှာင်–

ချင်းပြည်နယ် ဟားခါးမြို့ ရေပေးဝေရေးအတွက် ဖလမ်း–ဟားခါးကားလမ်းတစ်လျှောက် ရေပိုက်များ သွယ်တန်းမှုလုပ်ငန်း ဆောင်ရွက်ကြစဉ်။

ရွှေရောင်လွှမ်းသောအနာ

ဟုံမြင့်မိုရ်–မန္တလေးလမ်း၊ ပျဉ်းမနား–ပင်လောင်း ကားလမ်းများအပြင် ပြည်–အောင်လံ–တောင်တွင်းကြီး ရထားလမ်း၊ ချောင်းဦး–ပခုက္ကူ–ဂန့်ဂေါ–ကလေး ရထားလမ်း၊ အောင်ပန်း–လွိုင်ကော် ရထားလမ်း၊ ရွှေညောင်–တောင်ကြီး–ဆိုက်ခေါင်နှင့် မိုးနဲ–နမ့်စန် ရထားလမ်းများကို တစ်နေရာနှင့်တစ်နေရာ ချောမွေ့လျင်မြန်စွာ ကူးလူးသွားလာနိုင်ရန် ပြုပြင်ဖောက်လုပ်နိုင်ခဲ့သည်။

တစ်မျိုးသားလုံး၏ မျှော်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးထူထောင်ရာတွင် နိုင်ငံတော်အတွင်း နေရာဒေသတိုင်း၌ ကဏ္ဍစုံ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများကို အရှိန်အဟုန်မြင့်တင် ဆောင်ရွက်သွားနိုင်ရန်အတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းအပြင် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဖွံ့ဖြိုးရေး ဒေသကြီး (၂၄)ခုသတ်မှတ်ကာ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုဖွံ့ဖြိုးရေးဒေသကြီးများကို လေ့လာကြည့်ပါက ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှု ဆူကြံ့နိမ့်မြင့် ကွာဟမှုမရှိစေရန်အတွက် နယ်စပ်ဒေသများနှင့်အကျုံးဝင်သော ဖွံ့ဖြိုးရေးဒေသ(၁၃)ခုဖြစ်သည့် မြစ်ကြီးနား၊ ဗန်းမော်၊ လွိုင်ကော်၊ ဘားအံ၊ စစ်တွေ၊ ကလေး၊ ထားဝယ်၊ မြိတ်၊ မော်လမြိုင်၊ တောင်ကြီး၊ ပင်လုံ၊ ကျိုင်းတုံ၊ လားရှိုးနှင့် တိုင်းများနှင့်အကျုံးဝင်သည့် ဖွံ့ဖြိုးရေးဒေသ (၁၁)ခု ဖြစ်သော မုံရွာ၊ ပဲခူး၊ ပြည်၊ မကွေး၊ ပခုက္ကူ၊ မန္တလေး၊ မိတ္ထီလာ၊ ရန်ကုန်၊ ပုသိမ်၊ ဟင်္သာတ၊ မအူပင်တို့ကို ပါဝင်ဖွဲ့စည်းထားသည်ကို တွေ့ရမည်ဖြစ်သည်။

အဆိုပါ ဖွံ့ဖြိုးရေးဒေသကြီးများတွင် ပညာရေးကဏ္ဍအတွက် တက္ကသိုလ်(သို့မဟုတ်) ဒီဂရီကောလိပ်၊ နည်းပညာကောလိပ်၊ ပညာရေးကောလိပ်များ ဖွင့်လှစ်ရေး၊ ကျန်းမာရေးကဏ္ဍအတွက် ဆေးရုံများကို အဆင့်မြှင့်တည်ဆောက်ရေးများကို ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ စီးပွားရေး၊ ပညာရေး၊ လူမှုရေး တိုးတက်ဖွံ့ဖြိုးမှုကို ပြဋ္ဌာန်းရာတွင် အခြေခံကျသည့် ကျေးလက်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး၊ ကျေးလက်ဒေသရေရရှိရေး၊ ကျေးလက်ဒေသပညာရည်မြင့်မားရေး၊ ကျေးလက်ဒေသ ကျန်းမာရေးစောင့်ရှောက်မှုမြင့်မားရေး၊ ကျေးလက်ဒေသ အဓိက စီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်ရေးစသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး (၅)ရပ်ကို ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု၏ စီမံချက်နှင့် တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်သွားရန်ကိုပါ နိုင်ငံတော် အကြီးအကဲက ဖြည့်စွက်လမ်းညွှန်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ၁၉၈၉–၉၀ ဘဏ္ဍာရေးနှစ်မှ ယနေ့အထိ အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည့် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို လေ့လာကြည့်ရှုပါက လမ်းတံတားကဏ္ဍအနေဖြင့် မြေလမ်းပေါင်း၂၇၉၃/၃မိုင်၊ ကျောက်ခင်းလမ်း ၁၆၄၀/၇မိုင်၊ ကတ္တရာလမ်း၃၀၆/၂မိုင် ဖောက်လုပ်ပေးခဲ့ပြီး လမ်းဟောင်း ၂၉၇၁မိုင်ကို ပြုပြင်ထိန်းသိမ်းပေးကာ တံတားကြီး၄၂စင်း၊ တံတားငယ်၆၅၉စင်းနှင့်ကြိုးတံတား ၁၆စင်းတို့ကို တည်ဆောက်ပေးခဲ့သည်။ ပညာရေးကဏ္ဍတွင် နယ်စပ်ဒေသ အသီးသီးတွင် အမက ၆၂၇ ကျောင်း၊ အလက ၆၁ ကျောင်းနှင့် အထက ၆၂ကျောင်းတို့ကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။ ကျန်းမာရေးကဏ္ဍတွင် ဆေးရုံ ၅၂ရုံ၊ ဆေးပေးခန်း ၈၂ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၂၈ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၄၁ခုတို့ကို ဖွင့်လှစ်ပေးခဲ့သည်။

ပြည်သူ့ဆက်ဆံရေးကဏ္ဍတွင် နယ်စပ်ဒေသ အသီးသီး၌ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ ၉၇ရုံ တည်ဆောက်ပေးခဲ့သည်။

ထို့အတူ စွမ်းအင်ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ သတ္တုကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးများကိုလည်း ဆောင်ရွက်ပေးခဲ့သည်။

၁၉၈၉ ခုနှစ်မှ ယနေ့အထိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေပမာဏ ကျပ်သန်းပေါင်း ၅၀၂၄၅ ဒသမ ၇၅ နှင့် နိုင်ငံခြားငွေ ၅၀၆ သန်းကို နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနက သုံးစွဲခဲ့သည်။

ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုကို လေ့လာကြည့်ပါကလည်း ၂၀၀၂–၂၀၀၃ ဘဏ္ဍာနှစ် ၃၁–၁–၂၀၀၃ ထိ မြေလမ်းပေါင်း ၁၅၈၅ မိုင်၊ ဂဝံလမ်း ၁၆၃ မိုင်၊ ကျောက်လမ်း ၅၁၁ မိုင်၊ ကတ္တရာလမ်း ၅၇ မိုင် စုစုပေါင်း ၂၃၁၆မိုင်ကို ဖောက်လုပ်ပေးနိုင်ခဲ့ပြီ ဖြစ်သည်။ တစ်ဖန် ကျေးလက်ရေရရှိရေးအတွက် ရေရှားပါးသည့် မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်းတိုင်းတွင် ကျေးရွာပေါင်း ၂၄၅၄ ရွာ၊ မကွေးတိုင်းတွင် ၁၄၆၉ ရွာ၊ မန္တလေးတိုင်းတွင် ၄၁၁၉ ရွာ စုစုပေါင်း ၈၀၄၂ ရွာကို (၁၀)နှစ်စီမံကိန်းကာလအတွက် ရေရရှိရေး ဆောင်ရွက်ပေးရန် လျာထားဆောင်ရွက်ခဲ့ရာ ၂၀၀၂–၂၀၀၃ ဘဏ္ဍာနှစ်အထိ စစ်ကိုင်းတိုင်းတွင် ကျေးရွာပေါင်း ၃၈၆ ရွာ၊ မကွေးတိုင်းတွင် ရွာပေါင်း ၁၇၀၊ မန္တလေးတိုင်းတွင် ၈၈၇ရွာ စုစုပေါင်း ၁၄၄၃ ရွာတွင် ရေရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ ကျေးလက်ရေရရှိရေးလုပ်ငန်းတွင် နိုင်ငံတော်ကသာမက စေတနာရှင်ပြည်သူများကပါ အလှူငွေများထည့်ဝင်ပြီး ပူးပေါင်းဆောင်ရွက်ခဲ့သဖြင့် စစ်ကိုင်းတိုင်းတွင် ၂၅၁ ရွာ၊ မကွေးတိုင်းတွင် ၁၅၃ရွာ၊ မန္တလေးတိုင်းတွင် ၃၃၄ ရွာ စုစုပေါင်း ၇၃၈ ရွာတွင် အလှူရှင်များ၏ ထည့်ဝင်ငွေဖြင့် ရေရရှိရေး ထပ်မံဆောင်ရွက်နိုင်ခဲ့သည်။

ဇေ

ယခုအခါ နိုင်ငံ
အတိုင်း စီမံချက်အ
ဆောင်ရွက်နိုင်ခဲ့သ
တိုင်း အပါအဝင် န
ဖွံ့ဖြိုးတိုးတက်မှုလ
ဖြစ်သည်။

နိုင်ငံတော်အစိ
နှစ်တာ ကာလတွင်
တည်ဆောက်ခြင်း
နယ်မြေဒေသများ
ဆက်သွယ်နိုင်ရေး
လုံခြုံချောမွေ့ရေးဂ
စီးပွားရေး၊ ပညာရေ
ဖွံ့ဖြိုးတိုးတက်မှုမျ
အခိုင်အမာချနိုင်ခဲ့

လမ်းပန်းဆ
အရှိန်အဟုန်မြင့်သ
လေယာဉ်ကွင်းသစ်
ဟောင်းများကို အ
စီမံချက်ချ ဆောင်



နိုင်ငံတစ်ဝ
(၂၄)ခု သတ်မှ
များ တည်ဆေ
ပြည်နယ် ဗန်း
စဉ်။

စီးပွားရေး ဖွံ့ဖြိုးတို
ကမ္ဘာလှည့်ခရီးသွာ
အကူပြုစေရန် ကမ္ဘာ
ခေတ်မီဂျက်လေယ

...သာအနာဂတ်

ဇော်အောင်

...င် ၁၉၈၉-၉၀ ဘဏ္ဍာရေး
...ခထည်ဖော် ဆောင်ရွက်
...ဖွံ့ဖြိုးရေး လုပ်ငန်းများကို
...တံတားကဏ္ဍအနေဖြင့်
...က်ခင်းလမ်း ၁၆၄၀/၇မိုင်၊
...လုပ်ပေးခဲ့ပြီး လမ်းဟောင်း
...ကာ တံတားကြီး၄၂စင်း၊
...တား ၁၆စင်းတို့ကို တည်
...ကဏ္ဍတွင် နယ်စပ်ဒေသ
...ကျောင်း၊ အလက ၆၁
...င်းတို့ကို တည်ဆောက်
...ရေးကဏ္ဍတွင် ဆေးရုံ
...ျးလက်ကျန်းမာရေးဌာန
...ရေးဌာနခွဲ ၄၁ခုတို့ကို

...ဏ္ဍတွင် နယ်စပ်ဒေသ
...ပ်ဆင့်လွှင့်စက်ရုံ ၉၇ရုံ

...၊ ဆက်သွယ်ရေးကဏ္ဍ၊
...ရေးကဏ္ဍ၊ သတ္တုကဏ္ဍ၊
...းတက်ရေးများကိုလည်း

...ခထိ နယ်စပ်ဒေသနှင့်
...က်ရေးအတွက် ငွေပမာဏ
...မ ၇၅ နှင့် နိုင်ငံခြားငွေ
...တိုင်းရင်းသား လူမျိုးများ
...င်သာယာရေး ဝန်ကြီး

...န်းများ ဆောင်ရွက်နိုင်မှု
...၂၀၀၂-၂၀၀၃ ဘဏ္ဍာနှစ်
...ါင်း ၁၅၈၅မိုင်၊ ဂဝံလမ်း
... မိုင်၊ ကတ္တရာလမ်း ၅၇
... ဖောက်လုပ်ပေးနိုင်ခဲ့ပြီ
...်ရေရရှိရေးအတွက် ရေ
...ယ်ပိုင်း စစ်ကိုင်းတိုင်းတွင်
...ကွေးတိုင်းတွင် ၁၄၆၉ ရွာ၊
...စုစုပေါင်း ၈၀၄၂ ရွာကို
...် ရေရရှိရေး ဆောင်ရွက်
...က်ခဲ့ရာ ၂၀၀၂-၂၀၀၃
...င်းတွင် ကျေးရွာပေါင်း
...င်း၁၇၀၊မန္တလေးတိုင်းတွင်
...တွင် ရေရရှိရေး ဆောင်
...းလက်ရေရရှိရေးလုပ်ငန်း
...စေတနာရှင်ပြည်သူများ
...ြီး ပူးပေါင်းဆောင်ရွက်
...၁ ရွာ၊ မကွေးတိုင်းတွင်
...၃၄ ရွာ စုစုပေါင်း ၇၃၈
...ည့်ဝင်ငွေဖြင့် ရေရရှိရေး

ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အတိုင်း စီမံချက်အဆင့်ဆင့် ချမှတ်ကာ အဆက်အစပ်ရှိရှိ ဆောင်ရွက်နိုင်ခဲ့သဖြင့် ကျေးလက်မှသည် ပြည်နယ်နှင့် တိုင်းအပါအဝင် နယ်စပ်ဒေသများပါမကျန် ကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိနေကြပြီ ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတာဝန်ယူခဲ့သည့် (၁၅) နှစ်တာ ကာလတွင် နိုင်ငံတော် အေးချမ်းတည်ငြိမ်မှုကို တည်ဆောက်ခြင်းမှအစပြုကာ ပြည်ထောင်စုတစ်ဝန်း နယ်မြေဒေသများသို့ တစ်ဆက်တစ်စပ်တည်းသွားလာ ဆက်သွယ်နိုင်ရေးအတွက် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေးကိုဆောင်ရွက်ပြီး နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှုများအတွက် အခြေခံအုတ်မြစ်ကို အခိုင်အမာချနိုင်ခဲ့ပြီးဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့မှုကို အရှိန်အဟုန်မြှင့်သည့်အနေဖြင့် မြန်မာနိုင်ငံတစ်ဝန်း လေယာဉ်ကွင်းသစ်များဖောက်လုပ်ခြင်း၊ လေယာဉ်ကွင်းဟောင်းများကို အဆင့်မီ မွမ်းမံပြုပြင်ခြင်းများကိုလည်း စီမံချက်ချ ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်၏

နိုင်ငံတစ်ဝန်းလုံး ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု သတ်မှတ်၍ အခြေခံအဆောက်အအုံများ တည်ဆောက်ပေးလျက်ရှိရာ ကချင်ပြည်နယ် ဗန်းမော်ဒီဂရီကောလိပ်ကို တွေ့ရစဉ်။

စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံခြားငွေရှာဖွေရေး ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တိုးတက်မှုကို အထောက်အကူပြုစေရန် ကမ္ဘာ့အရပ်ရပ် အသုံးပြုပျံသန်းနေသည့် ခေတ်မီဂျက်လေယာဉ်ကြီးများ ဆင်းသက်နိုင်သည့်

မန္တလေးတိုင်း တံတားဦးမြို့နယ်ရှိ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်သည် နိုင်ငံတော်၏ ခရီးသွားလုပ်ငန်းတိုးတက်မှုကို အထောက်အကူပြုလျက်ရှိသော ဒုတိယ ဝင်ပေါက်တစ်ခုဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းသစ်များ တည်ဆောက်ခြင်း၊ လက်ရှိအသုံးပြုလျက်ရှိသော လေယာဉ်ကွင်းများကို အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ခဲ့သည်။ ဤသို့ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ အဓိက လေကြောင်း ဝင်ပေါက်ဖြစ်သော ရန်ကုန် မင်္ဂလာဒုံ အပြည်ပြည်ဆိုင်ရာလေဆိပ်အား ခေတ်မီတိုးတက်သော လေဆိပ်တစ်ခုဖြစ်လာစေရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် တိုးချဲ့တည်ဆောက်ခဲ့သည်။ ထိုသို့ တိုးချဲ့တည်ဆောက်ရာတွင် ပြည်ပဆိုက်ရောက် ခရီးသည်များအတွက် အလျားပေ ၃၄၀၊ အနံပေ၁၄၀ရှိ ခေတ်မီ နှစ်ထပ် သံကူကွန်ကရစ်အဆောက်အအုံကို လည်းကောင်း၊ အမြင့် ၁၁၂ပေရှိ လေကြောင်းထိန်းမျှော်စင်နှင့် စတုရန်းပေ၂၅၇၈၅ပေရှိ နှစ်ထပ်လေကြောင်း အဆောက်အအုံဆောက်လုပ်ခြင်း၊ လေယာဉ်ပြေးလမ်း ထပ်ဆင့် ထပ်ပိုးလွှာတင်ခြင်း၊ ရေဒီယိုလမ်းညွှန်မှု အထောက်အကူပြု လေကြောင်းဆက်သွယ်ရေးနှင့် မိုးလေဝသအစီအစဉ်များ တပ်ဆင်ခြင်း၊ လေယာဉ်ပြေးလမ်းအသစ်များ ဖောက်လုပ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့အတူ မြန်မာနိုင်ငံ၏ ဒုတိယဝင်ပေါက်ဖြစ်လာမည့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်ကို ၁၉၉၄ခုနှစ် မတ် ၂၁ရက်နေ့မှ စတင်တည်ဆောက်ခဲ့ရာ လေယာဉ်ပြေးလမ်း အလျား ပေ၁၄၀၀၀၊ အကျယ် ပေ၂၀၀၊ ကွန်ကရစ်ခင်းလေယာဉ်ပြေးလမ်းနှင့် လေဆိပ်အဆောက်အအုံ လေဆိပ်ဆိုင်ရာဆက်စပ်လုပ်ငန်းများကို ဆောက်လုပ်ပြီးစီးပြီး ၂၀၀၀ပြည့်နှစ် စက်တင်ဘာ ၁၇ရက်နေ့တွင် စတင်ဖွင့်လှစ်ပြီး အပြည်ပြည်ဆိုင်ရာ လေယာဉ်ကြီးများနှင့် ပြည်တွင်းလေယာဉ်များ ဆင်းသက်အသုံးပြုလျက်ရှိပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် လမ်းပန်းဆက်သွယ်ရေးအတွက် အဓိကထား အသုံးပြုလျက်ရှိသော လေယာဉ်ကွင်း

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

၃၃ကွင်းရှိပြီး ထိုပြည်တွင်းခရီးစဉ်များတွင် အသုံးပြုနေသော လေယာဉ်ကွင်းများအနက် ပူတာအို၊ ဗန်းမော်၊ ကလေး၊ ကျိုင်းတုံ၊ တာချီလိတ်၊ ဟဲဟိုး၊ လားရှိုး၊ စစ်တွေ၊ သံတွဲ၊ ကျောက်ဖြူ၊ မြိတ် လေယာဉ်ကွင်းများကို လေယာဉ်ပြေးလမ်းများ တိုးချဲ့ခြင်း၊ လမ်းထုတင်ခြင်း၊ လေဆိပ်အဆောက်အအုံများ ပြင်ဆင် ဆောက်လုပ်ခြင်းများ ပြုလုပ်ခဲ့ပြီးအသုံးပြုလျက်ရှိသည်။

ထို့အပြင် လေယာဉ်ကွင်းသစ်များအဖြစ် ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ်၊ မကွေး၊ ပခုက္ကူ၊ ကျောက်ထု၊ မုံရွာ၊ ဟုမ္မလင်း၊ အမ်း လေယာဉ်ကွင်းများကို တည်ဆောက်လျက်ရှိသည်။

ဤကဲ့သို့ မြန်မာနိုင်ငံအရပ်ရပ်တွင် ပေါ်ထွန်းလာသည့် လေယာဉ်ကွင်းများကို အခြေခံမည့် လေကြောင်းခရီးလမ်းများသည် တည်ဆောက်ပြီးစီး အသုံးပြုနေသည့် ပြည်ထောင်စုလမ်းမကြီးများ၊ နိုင်ငံအတွင်း မြို့ကြီးများမှသည် ကျေးရွာအထိ ဖောက်လုပ်ထားသည့် လမ်းမကြီးငယ်၊ လမ်းသွယ်များနှင့်



မြန်မာ့ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရောဝတီတိုင်း ညောင်တုန်း၊ ပန်းတနော်၊ မအူပင်ဒေသ တွင်းအမှတ် (၂)ကို တွေ့ရစဉ်။

ပေါင်းစပ်လိုက်ပါက ဒေသတစ်ခုနှင့်တစ်ခု မြို့တစ်မြို့နှင့် တစ်မြို့မှသည် ကျေးရွာအထိ တိုတောင်းသည့် အချိန်အတွင်း သွားလာကူးသန်းဆက်သွယ်နိုင်ရန် သွားလာမှုအဟုန်ကို မြှင့်ပေးနိုင်မည်ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် အဓိကကျသည့် လမ်းပန်းဆက်သွယ်မှုများ လျင်မြန်ချောမွေ့မှု၏ အကျိုးဆက်များအဖြစ် နိုင်ငံတော်အတွင်း လူမှုရေး၊ စီးပွားရေးနှင့် နယ်မြေဒေသ ဖွံ့ဖြိုးမှုများသည်လည်း အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းလာတော့မည်ဖြစ်ရာ မြန်မာနိုင်ငံ၏ အနာဂတ်သည် ရွှေရောင်လွှမ်းနေပြီဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းများသည် နိုင်ငံတော်၏ စေတနာ၊ နိုင်ငံတော်၏ လုပ်ဆောင်ချက်များနှင့် စိတ်ရင်းစေတနာမှန် ကို သိရှိလာပြီး လက်နက်ကိုင်လမ်းစဉ်ကိုစွန့်ကာ တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသဖြင့် လွတ်လပ်ရေးရရှိပြီး နှစ်(၄၀)တိုင် မကြုံဖူးသည့် ထူးကဲသော အေးချမ်းတည်ငြိမ်မှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပြန်လည် တည်ဆောက်မှု ကို ဆောင်ရွက်နိုင်ခဲ့သည့် မှတ်တမ်းကို သမိုင်းတင်နိုင်ခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နှင့် ကော့မှူးမြို့များရှိ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းသစ်ဖွင့်ပွဲ၊ ကွမ်းခြံကုန်းမြို့ အားကစားခန်းမသစ်ဖွင့်ပွဲ ကွမ်းခြံကုန်းမြို့ အ.ထ.က(၂) သုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်ချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၈

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့မှ ဒလမြို့ဆိပ်ကမ်းသို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရေယာဉ်ဖြင့် ရောက်ရှိရာ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဒလ၊ တွံတေး၊ ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ်များမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကွမ်းခြံကုန်းမြို့ ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းသစ်ဖွင့်ပွဲတွင် အော်တိုအိတ်ချိန်းရှိ Switching Roomကို ကြည့်ရှုစစ်ဆေးပြီး ကွမ်းခြံကုန်းမြို့မှ ပြည်ပနိုင်ငံများသို့ တယ်လီဖုန်း စမ်းသပ်ဆက်သွယ်ပြောကြားစဉ်။ (သတင်းစဉ်)

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကွမ်းခြံကုန်းမြို့သို့ ရောက်ရှိကြသည်။

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကွမ်းခြံကုန်းမြို့ရှိ အဆိုပါ ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းသစ် အဆောက်အအုံရှေ့၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ကွမ်းခြံကုန်းမြို့ အားကစားခန်းမကိုတွေ့ရစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကွမ်းခြံကုန်းမြို့ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းသစ် ဖွင့်ပွဲအခမ်းအနားကို နံနက် ၉နာရီတွင် အဆိုပါ အိတ်ချိန်းအဆောက်အအုံရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့က ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကွမ်းခြံကုန်းမြို့ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း ဖွင့်ပွဲ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကွမ်းခြံကုန်းမြို့ ဒစ်ဂျစ်တယ်အော်တို အိတ်ချိန်းသစ်ရှိ Switching Roomကို ကြည့်ရှုစစ်ဆေးပြီး ကွမ်းခြံကုန်းမြို့မှ ပြည်ပနိုင်ငံများသို့ တယ်လီဖုန်း စမ်းသပ်ဆက်သွယ်ပြောကြားသည်။

ယနေ့ဖွင့်လှစ်လိုက်သော ကွမ်းခြံကုန်းမြို့ ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းသစ်သည် KX-TD 500 အမျိုးအစားဖြစ်ပြီး ဒစ်ဂျစ်တယ် အော်တိုတယ်လီဖုန်းအလုံး ၄၀၀ တပ်ဆင် အသုံးပြုနိုင်ကာ ယခုအခါ အော်တိုတယ်လီဖုန်းအလုံး ၃၀၀ တပ်ဆင်ထားပြီးဖြစ်သည်။ အဝေးဆက်သွယ်မှုမှာ C.O Line ၁၈လိုင်း တပ်ဆင်ထားသဖြင့် ကွမ်းခြံကုန်းမြို့မှ မြန်မာနိုင်ငံအတွင်းသာမက ပြည်ပနိုင်ငံများကိုပါ ဆက်သွယ်ပြောဆိုနိုင်ကြောင်း သိရသည်။

ဆက်လက်၍ အားကစားဝန်ကြီးဌာန ကွမ်းခြံကုန်းမြို့ အားကစားခန်းမဖွင့်ပွဲ အခမ်းအနားကို ကျင်းပသည်။ အခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊အားကစားသမားများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်တို့က အားကစားဝန်ကြီးဌာန ကွမ်းခြံကုန်းမြို့ အားကစားခန်းမကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိက ကွမ်းခြံကုန်းမြို့ အားကစားခန်းမဖွင့်ပွဲ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကွမ်းခြံကုန်းမြို့ အားကစားခန်းမသစ်အတွင်း ကြည့်ရှုစစ်ဆေးရာ အားကစားအဖွဲ့များမှ အားကစားသမားများက တိုက်ကွမ်ဒို၊ မြန်မာ့သိုင်း၊ ဘောလုံး၊ ဘော်လီဘော၊ လက်ဝှေ့၊ ဂျူဒို၊ ဝူရှူး၊ ကြက်တောင်နှင့် ကျွမ်းဘားအားကစားနည်းအလိုက် သရုပ်ပြ ကစားကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကွမ်းခြံကုန်းမြို့ အားကစားခန်းမကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကွမ်းခြံကုန်းမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို နံနက် ၉နာရီ ၄၅မိနစ်တွင် အဆိုပါကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့၊ အလှူရှင်များ၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ကျောင်းအုပ်ဆရာကြီး ဆရာ၊ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်မိရပ်ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ကွမ်းခြံကုန်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲကို အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးသန့်ဇင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးတင်ထွန်းတို့က ဖဲကြိုးဖြတ်၍ သုံးထပ်ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ မော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်ပေါ်မှ ကျောင်းသား၊ကျောင်းသူ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့၊ ကာယသရုပ်ပြအဖွဲ့၊ ကဗျာလွတ်အကအဖွဲ့၊ ပန်းပွားအကအဖွဲ့နှင့် စာလုံးသရုပ်ဖော်အဖွဲ့များ၏ သရုပ်ပြသဖျော်ဖြေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်ရှိ စာသင်ခန်းများကို ကြည့်ရှုကြသည်။

ဆက်လက်၍ ကွမ်းခြံကုန်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ၊ လွှဲပြောင်းပေးအပ်ပွဲ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းသစ်ဖွင့်ပွဲနှင့် မိုးလုံလေလုံ အားကစားခန်းမဖွင့်ပွဲ အစီအစဉ်ကို ကျောင်းအားကစားရုံခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကွမ်းခြံကုန်းမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဥက္ကဋ္ဌ ဦးတင်ထွန်းက သုံးထပ်ကျောင်းဆောင်သစ် တည်ဆောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် ယခုအမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသည် လွန်ခဲ့သော ၁၉၂၂ခုနှစ်တွင် အမျိုးသားကျောင်းအဖြစ် စတင်ခဲ့ကြောင်း၊ ၁၉၄၇ ခုနှစ် ဒီဇင်ဘာလမှစ၍ နိုင်ငံတော်အစိုးရက အမျိုးသားအထက်တန်းကျောင်းအဖြစ် ခွင့်ပြုဖွင့်လှစ်သင်ကြားခဲ့သော ကျောင်းတစ်ကျောင်းဖြစ်ကြောင်း၊ မိမိတို့၏ အမျိုးသား အထက်တန်းကျောင်းမှ ၁၉၈၆ ခုနှစ်မှ ၂၀၀၃ ခုနှစ် ဇန်နဝါရီလအထိ ၁၇ နှစ်တိုင်တိုင် အခြေခံပညာ အလယ်တန်းကျောင်းအဆင့်သို့ ပြောင်းလဲသွားပြီး ပညာသင်ကြားခဲ့ရကြောင်း။

ထိုသို့ အခြေခံပညာ အလယ်တန်းကျောင်းအဆင့် ရောက်ရှိသွားသော အမျိုးသား အထက်တန်းကျောင်းကို အထက်တန်းကျောင်းအဖြစ်သို့ ပြန်လည်တိုးမြှင့်ပေးရန် မြို့မိ၊ မြို့ဖများနှင့် ဆရာ၊ ဆရာမကြီးတို့ ဆန္ဒအရ ကျောင်းသားဟောင်းဖြစ်သူ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိက မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သို့ တင်ပြဆောင်ရွက်ပေးမှုကြောင့် ၂၀၀၃ခုနှစ် ဇန်နဝါရီ ၂၇ရက်တွင် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းအဖြစ်သို့ တိုးမြှင့်ခွင့်ရရှိခဲ့ကြောင်း။

အမှတ်(၂) အခြေခံပညာ အထက်တန်း ကျောင်းအဖြစ် တိုးမြှင့်ခွင့်ပြုပြီးနောက် ကျောင်းသားဦးရေနှင့် ကျောင်းအဆောက်အအုံ မလုံလောက်ပါသဖြင့် ကျောင်းဆောင်သစ် ဆောက်လုပ်ရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းပေးခဲ့ကြောင်း။

ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီသည် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ၏ ဦးဆောင်ကြီးကြပ်မှု၊ စည်းရုံးပံ့ပိုးကူညီမှုဖြင့် သုံးထပ်ကျောင်းဆောင်သစ်ကြီးကို ပြီးစီးအောင်တည်ဆောက်ခဲ့ကြောင်း။

ထို့ပြင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ လွှဲပြောင်းရရှိသော အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ခန်းမကို နိုင်ငံတော်အဆင့်၊ တိုင်းအဆင့်၊ မြို့နယ်အဆင့် အစည်းအဝေးများ ကျင်းပနိုင်အောင် ငွေကျပ် ၄၆ သိန်း အကုန်အကျခံ၍ ပြုပြင်ပေးခဲ့ကြောင်း၊ပညာရေးဝန်ကြီးဌာနကလည်း စတိတ်စင်အတွက် အမိုးသွပ်ပြား ၁၄၀၊ သုတ်ဆေး ဂါလန် ၁၅၀ နှင့် သန့်စင်ခန်း အလုံး ၂၀ အတွက် ငွေကျပ်သိန်း ၂၀ ကိုလည်း ကူညီပံ့ပိုးပေးခဲ့ကြောင်း။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းအဖြစ် တိုးမြှင့်ပေးခဲ့သော မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌနှင့် ဦးစီးဦးဆောင်ပြု၍ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သော စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိအားလည်းကောင်း၊ လိုအပ်သော ပစ္စည်းများနှင့် ငွေကြေး ကူညီပံ့ပိုးပေးသော ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်အားလည်းကောင်း၊ စေတနာရှင်အလှူရှင်များနှင့် မြို့လူထု အလှူရှင်များအားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်က ကွမ်းခြံကုန်းမြို့၊ ကော့မှူးမြို့များရှိ ဒစ်ဂျစ်တယ်အော်တိုတယ်လီဖုန်းအိတ်ချိန်းများ တည်ဆောက်ဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် ယနေ့ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၈ရက်တွင် ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းသစ် စတင်ဖွင့်လှစ်သုံးစွဲနိုင်ပြီဖြစ်၍ ကွမ်းခြံကုန်းမြို့အတွက် မင်္ဂလာရှိသော နေ့တစ်နေ့ဖြစ်ကြောင်း၊ အလားတူ ယနေ့နေ့လယ်ပိုင်းတွင် ကော့မှူးမြို့၌လည်း ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းသစ်ကို စတင်ဖွင့်လှစ်သုံးစွဲတော့မှာဖြစ်ကြောင်း၊ ယခုကဲ့သို့ ဖွင့်လှစ်နိုင်သည့်အတွက် ကွမ်းခြံကုန်းနှင့် ကော့မှူးမြို့များရှိ

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ▲

၃၈၅၀၀၀၀၊ တော်ဝင်မိသားစုကုမ္ပဏီက ငွေကျပ် ၁၄၅၄၀၈၈၊ မြန်မာ့အလှဆောက်လုပ်ရေးက ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်တို့က လက်ခံကြသည်။

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ကွမ်းခြံကုန်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ်နှင့် ပတ်သက်သောစာရွက် စာတမ်းများကို ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်အား လွှဲပြောင်းပေးအပ်သည်။

ထို့နောက် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ကွမ်းခြံကုန်းမြို့နယ်အတွက် အားကစားပစ္စည်းများကို မြို့နယ်အေးချမ်းသာယာ

ယခုတစ်ဖန် ဤမြို့နယ်ရှိ လူငယ်လူရွယ်များ၏ ပညာရည်မြင့်မားရေးနှင့် စိတ်ချမ်းမြေ့စွာ ပညာသင်ယူနိုင်ရေးအတွက် သုံးထပ်ကျောင်းဆောင်သစ်ကြီး တည်ဆောက်ပြီးစီး၍ ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း။

ယနေ့ ကွမ်းခြံကုန်းမြို့တွင် ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်း၊ မိုးလုံလေလုံ အာကစားခန်းမနှင့် သုံးထပ် စာသင်ဆောင်ကြီးများ ခံ့ခံ့ညားညား အစီအရီ တည်ဆောက် ဖွင့်လှစ်နိုင်ခဲ့သဖြင့် ကွမ်းခြံကုန်း မြို့သူ၊ မြို့သားအားလုံး၏ ဂုဏ်ယူဝမ်းမြောက်နေမှုများကိုလည်း တွေ့မြင်ခံစားရပါကြောင်း။

မြန်မာနိုင်ငံသည် ရှေးဘိုးစဉ်ဘောင်ဆက် နှစ်ပေါင်းထောင်ချီကတည်းက တိုင်းရင်းသားများဖြင့်စုပေါင်း တည်ဆောက်ထားသည့် ပြည်ထောင်စု

▲ စာမျက်နှာ ၁၀ မှ

ပြည်သူများအနေဖြင့် ပြည်တွင်းသာမက ပြည်ပနိုင်ငံများကိုပါ ကိုယ်တိုင်တိုက်ရိုက်ခေါ်ဆိုနိုင်ကြပြီဖြစ်ကြောင်း။

ယခင်က ကွမ်းခြံကုန်းမြို့တွင် လိုင်း ၃၀၀ ပါ လက်လှည့်အိတ်ချိန်းစနစ်သာ ရှိခဲ့ပြီး အဝေးဆက်သွယ်မှုအနေဖြင့် ရန်ကုန်မှ အော်တိုရေဒီယိုတယ်လီဖုန်းလေးလိုင်းဖြင့် လည်းကောင်း၊ ကော့မှူးမြို့တွင် လိုင်း ၂၀၀ ပါ လက်လှည့်အိပ်ချိန်းစနစ်ကို အော်တိုရေဒီယိုတယ်လီဖုန်းသုံးလိုင်းဖြင့်လည်းကောင်း၊ အော်ပရေတာမှတစ်ဆင့် ခေါ်ဆိုဆက်သွယ်ခဲ့ရကြောင်း၊ ယခုအခါ လိုင်း ၃၀၀ ပါ အော်တိုအိတ်ချိန်းနှင့် CO လိုင်း ၁၈ လိုင်းပါ အဝေးလိုင်းဖြင့်လည်းကောင်း၊ ကော့မှူးမြို့တွင် လိုင်း ၂၀၀ ပါ အော်တိုအိတ်ချိန်းနှင့် CO လိုင်း ၁၂ လိုင်းပါ အဝေးလိုင်းဖြင့်လည်းကောင်း ဆက်သွယ်ခေါ်ဆိုနိုင်ပြီဖြစ်ကြောင်း။

ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်း တည်ဆောက်တပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် ကွမ်းခြံကုန်းမြို့အတွက် ငွေကျပ်သန်း ၁၁၀ နှင့် ကော့မှူးမြို့အတွက် ငွေကျပ် ၉၆ ဒသမ ၄ သန်း ကုန်ကျခဲ့ကြောင်း။

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ နယ်မြို့ အော်တိုအိတ်ချိန်းစီမံကိန်း အစီအစဉ်ဖြင့် ပြည်နယ်နှင့် တိုင်းအသီးသီး၌ မြို့ပေါင်း ၃၀ တွင် အော်တိုအိတ်ချိန်းသစ်များ တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု ဖေဖော်ဝါရီ ၅ ရက်တွင် စစ်ကိုင်းတိုင်း ကန့်ဘလူမြို့တွင် ဖွင့်လှစ်ခဲ့ပြီး မကြာမီ ကချင်ပြည်နယ် ရွှေကူ၊ ဟိုပင်၊ မိုးညှင်း၊ စစ်ကိုင်းတိုင်း ကသာ၊ ချောင်းဦး၊ မြင်းမူနှင့် ရခိုင်ပြည်နယ် သံတွဲမြို့တို့၌လည်း အော်တိုအိတ်ချိန်းသစ်များ ဖွင့်လှစ် အသုံးပြုတော့မှာဖြစ်ကြောင်း။ အလားတူ ဧရာဝတီတိုင်းရှိ မအူပင်၌ အော်တိုအိတ်ချိန်း တပ်ဆင်ခြင်း လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီး မကြာမီ လုပ်ငန်းများပြီးစီးတော့မှာ ဖြစ်ကြောင်း။

ယခုအခါတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်ဒေသများ အလျင်အမြန်ဖွံ့ဖြိုးလာပြီး၊ တောနှင့်မြို့ ကွာဟမှုများ လျော့နည်းလာစေရန် အစီအမံများ ဆောင်ရွက်နေသည်နှင့်အညီ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းသည်လည်း ဆက်သွယ်မှု လုံးဝမရှိသေးသည့် ကျေးလက်ဒေသများတွင် အခြေခံဆက်သွယ်ရေး လိုအပ်ချက်ရရှိရေးအတွက် ကျေးလက်ဒေသ ဆက်သွယ်ရေးဖွံ့ဖြိုးမှု စီမံကိန်းအဆင့်ဆင့်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ဆက်သွယ်ရေးလုပ်ငန်းများကို

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကွမ်းခြံကုန်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားတွင် မော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

တိုးချဲ့ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတစ်ဝန်း အော်တိုအိတ်ချိန်း ၁၃၀ ခု၊ လက်သုံး အိတ်ချိန်း ၆၁၄ ခုနှင့် တယ်လီဖုန်း လိုင်းပေါင်း လေးသိန်းခန့် တပ်ဆင်အသုံးပြုနိုင်ပြီ ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ကွမ်းခြံကုန်းမြို့ မိုးလုံလေလုံ အားကစားခန်းမ တည်ဆောက်ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့၌ အလျားပေ ၁၅၀၊ အနံ ၅၁ ပေရှိ ကွန်ကရစ်ကြမ်းခင်းအတွင်း အလျားပေ ၁၂၀၊ အနံပေ ၆၀ ရှိ တစ်ထပ်လျှာထိုးကြမ်းခင်းထားပြီး Indoor Games ကစားနည်းမျိုးစုံဖြစ်သည့် ဘတ်စကတ်ဘော၊ ဘော်လီဘော၊ ကြက်တောင်၊ တိုက်ကွမ်ဒို၊ ကရာတေးဒို၊ ပိုက်ကျော်ခြင်း၊ သိုင်း၊ ဂျူဒို၊ စားပွဲတင်တင်းနစ် အစရှိသည့် အားကစားနည်းများကို လေ့ကျင့်နိုင်မည့်အပြင် ပြိုင်ပွဲများကိုလည်း အဆင့်မီစွာ ကျင်းပနိုင်မည်ဖြစ်ကြောင်း။

ယခုအခါ မိုးလုံလေလုံ အားကစားခန်းမသစ်ကြီး တည်ဆောက်ပြီးစီးပြီဖြစ်သဖြင့် ကွမ်းခြံကုန်းမြို့နယ်ရှိ ကျောင်းသူ၊ ကျောင်းသားများနှင့်

ကွမ်းခြံကုန်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတွင် သုံးထပ်ကျောင်းဆောင်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ရွှေအား ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့နံနက်ပိုင်းက ကွမ်းခြံကုန်းမြို့သို့ ရောက်ရှိပြီး ကွမ်းခြံကုန်းမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းသစ်ဖွင့်ပွဲ၊ မိုးလုံလေလုံ အားကစားခန်းမဖွင့်ပွဲနှင့် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ်ကြီး ဖွင့်လှစ်သည့် အခမ်းအနားများသို့ မိမိနှင့်အတူ တိုင်းမှူး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ တက်ရောက်အားပေးခဲ့ကြကြောင်း။

ကွမ်းခြံကုန်းမြို့နယ် ပြည်သူများအတွက် ဆက်သွယ်ရေးလွယ်ကူအဆင်ပြေစေရန် ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်း တစ်ခုတည်ဆောက်ဖွင့်လှစ်ပေးပြီး မိမိကိုယ်တိုင် ထိုင်းနိုင်ငံနှင့် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးများထံသို့ လက်တွေ့စမ်းသပ် ဆက်သွယ်ပြောကြားခဲ့ကြောင်း၊ ကွမ်းခြံကုန်းမြို့နယ်သူ၊ မြို့နယ်သားများအတွက် ယနေ့မှစ၍ ပြည်တွင်းသာမက ပြည်ပနိုင်ငံများသို့ပင် တယ်လီဖုန်းကိုယ်တိုင်ခေါ်ဆိုပြောကြားနိုင်ပြီဖြစ်ကြောင်း၊ အလားတူ ယနေ့ နေ့လယ်ပိုင်းတွင် ကော့မှူးမြို့၌ ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်း ဖွင့်လှစ်ပေးရန် စီစဉ်ထားပြီးဖြစ်ကြောင်း။

ထို့အပြင်နောင်အနာဂတ် တိုင်းပြည်တာဝန်ကို ထမ်းဆောင်ကြမည့် ကွမ်းခြံကုန်းမြို့နယ်ရှိ လူငယ်လူရွယ်များ၏ ကျန်းမာကြံ့ခိုင်သန်စွမ်းရေးကို အထောက်အကူဖြစ်စေမည့် မြို့နယ်မိုးလုံလေလုံ အားကစားခန်းမကြီးကိုလည်း ယနေ့နံနက်ကပင် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်ကြီးဖြစ်ကြောင်း၊ သို့သော်လည်း ခေတ်အဆက်ဆက်တွင် အခြေအနေအမျိုးမျိုးဖြစ်ပေါ်ခဲ့ပြီး တည်ငြိမ်မှု၊ အေးချမ်းမှုများအပေါ်မူတည်ပြီး စီးပွားရေး၊ လူမှုရေး အခြေအနေများလည်း အမျိုးမျိုးပြောင်းလဲခဲ့ကြောင်း၊ မိမိတို့တာဝန်ယူစဉ်အချိန်တွင် ပြည်ထောင်စုကြီးခိုင်မြဲရမည်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဖြစ်ထွန်းရမည်၊ ပြည်ထောင်စုကြီး ဥမကွဲသိုက်မပျက်ဖြစ်ထွန်းနေရမည်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းရမည်ဆိုသည့် ဦးတည်ချက်ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ ရှေးဦးစွာ ပြည်ထောင်စုခိုင်မြဲရေး ဦးတည်ပြီး တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့် ယခင်ကပေါ်ပေါက်ခဲ့သည့် လက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းသွားခဲ့ပြီး ပြည်ထောင်စုကြီး ခိုင်မြဲရေး၊ နိုင်ငံထူထောင်ရေး ကိစ္စများတွင် တိုင်းရင်းသားများ တစ်ပေါင်းတစ်စည်းတည်း ဆောင်ရွက်နေကြပြီဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး တိုင်းရင်းသားစည်းလုံးရေး ဖြစ်ထွန်းမှုများ ရရှိကာ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍစုံတွင် တိုးတက်မှုအခြေခံကောင်းများစွာ ရရှိဖြစ်ထွန်းလာနေပြီဖြစ်ကြောင်း။

ဤကဲ့သို့ အခြေအနေကောင်းများ ရရှိလာချိန်တွင် နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

စာမျက်နှာ ၁၃ ကော်လံ ၃ သို့ ●

ကော့မှူးမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းသစ် ဖွင့်ပွဲအခမ်းအနားတွင် အော်တိုအိတ်ချိန်းသစ် အဆောက်အအုံကို တွေ့ရစဉ်။ (သတင်းစဉ်)

မိုးလုံလေလုံ အားကစားခန်းမကို ၁၉၈၁ ခုနှစ်၊ မတ် ၈ရက်တွင် စတင်ဆောက်လုပ်ခဲ့ရာ ၁၉၈၂ခုနှစ် နိုဝင်ဘာလတွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း၊ အဆိုပါ အားကစားခန်းမကို ပြည်သူလူထုထည့်ဝင်ငွေ ကျပ်နှစ်သိန်းနှင့် နိုင်ငံတော်မှ ခွင့်ပြုငွေများဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပရိသတ်ဝင်ဆံ့သည့် အင်အားမှာ ၄၀၀ ဦး ဖြစ်ကြောင်း၊ ကွမ်းခြံကုန်းမြို့၏ မြို့နယ်အဆင့် အားကစားလုပ်ငန်းများ၊ Indoor Games များ အားလုံးကို အဆိုပါ အားကစားခန်းမအတွင်း ပြိုင်ပွဲများ ကျင်းပခြင်း၊ လေ့ကျင့်မှုများ ပြုလုပ်ခြင်းများဆောင်ရွက်နိုင်ကြောင်း။

အသစ် တည်ဆောက်သည့် အားကစားခန်းမမှာ အလျား ပေ ၁၂၀၊ အနံ ပေ ၆၀၊ အမြင့် ၃၆ ပေရှိပြီး အုတ်နံရံကာ၊ သွပ်မိုး၊ သံထည်အဆောက်အအုံ (Steel Structure) ဖြစ်ကြောင်း၊ ပင်မဆောင်၏ ဘေးတစ်ဖက်တစ်ချက်တွင် အကျယ် ၁၄ ပေ၊ အလျားပေ ၁၂၀ ရှိ ပွဲကြည့်ပရိသတ်အင်အား ၄၀၀ ခန့် ဝင်ဆံ့သော အဆောင်နှစ်ဆောင် တွဲလျက်ရှိကြောင်း၊ ခန်းမ

လူငယ်လူရွယ် အားကစားသမားများ အားကစားလေ့ကျင့်မှု ယှဉ်ပြိုင်မှုများကို အဆင်ပြေစွာ ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကွမ်းခြံကုန်းမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးချိုထွန်းက ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ပေးခဲ့မှုအတွက် ဂါရဝပြုကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ကွမ်းခြံကုန်းမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့မိ မြို့ဖများ၊ စေတနာရှင်ပြည်သူများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က မြို့မိမြို့ဖများ၊ စေတနာရှင်ပြည်သူများ၊ ပူးပေါင်းပံ့ပိုးဆောင်ရွက်မှုကြောင့် ပညာရေးဌာနအတွက်သာမက ကျောင်းသူ၊ ကျောင်းသားများအတွက်ပါ ဥပမိရုပ်ခံ့ညားသော သုံးထပ်ကျောင်းပေါ်လာသည့်အတွက် မြို့မိ မြို့ဖများနှင့် စေတနာရှင်များအား ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကွမ်းခြံကုန်းမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းအတွက် ကွမ်းခြံကုန်းမြို့မှ မြို့မိမြို့ဖ အလှူရှင်များက ငွေကျပ် ၆၂သိန်း၊ ကမ္ဘောဇဘဏ်လီမိတက်က ငွေကျပ် ၁၁၅သိန်း၊ Asia World Co., Ltd က ငွေကျပ်သိန်း ၁၀၀၊ ကျောက်စိမ်းနဂါးကုမ္ပဏီက ငွေကျပ်သိန်း ၁၀၀၊ ရွှေသံလွင်ကုမ္ပဏီက ငွေကျပ်သိန်း ၁၀၀၊ Forcus Energy မှ ဦးမောင်မောင်ခဆွေက ငွေကျပ်သိန်း ၅၀၊ မြတ်မေတ္တာမွန်မိသားစု ကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၄၀၊ MPRL က ငွေကျပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များ ရွှေဘိုမြို့၌ တတိယမြန်မာနိုင်ငံတော်ကိုထူထောင်တော်မူခဲ့သော အလောင်းမင်းတရားကြီးဦးအောင်ဇေယျရုပ်တုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

☆ နိုင်ငံတော်မှ

ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ တရားရုံးချုပ်(မန္တလေး)မှ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ နယ်မြေခံစစ်ဗျူဟာမှူး ဗိုလ်မှူးကြီးလှငွေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၅ရက် နံနက်ပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ကန့်ဘလူမြို့မှ ကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ် ရေလှောင်တမံသို့ ရောက်ရှိကြသည်။

ထိုနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က သဖန်းဆိပ် ရေလှောင်တမံ၏ ရေသိုလှောင်ထားနိုင်မှု၊ ပြီးစီးခဲ့သည့် မိုးတွင်း၌ ဆည်ရေဝင်ရောက်မှုများကိုတင်ပြပြီး သဖန်းဆိပ်ရေလှောင်တမံဆည်ရေဖြင့် စပါး၊ ဂျုံ၊ ပဲ၊ နှမ်းတို့ကို အဓိကစိုက်ပျိုးနိုင်ခဲ့ပါကြောင်း။

တမံပြီးစီး၍ ဆည်ရေ စတင်လွှတ်သည်နှင့် မိုးစပါးနှင့် နွေစပါးနှစ်ရပ်ပေါင်း ငါးသိန်းကျော် စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၂-၂၀၀၃ခုနှစ်တွင် ဧက ရှစ်သိန်းရှစ်သောင်းကျော်အထိ တိုးတက်စိုက်ပျိုးနိုင်ခဲ့ပါကြောင်း၊ နွေနှမ်းစိုက်ပျိုးခြင်းလုံးဝမရှိခဲ့သည့် ဤဒေသတွင် ယခုအခါ နွေနှမ်းဧက ၃၉၀၀၀အထိ စိုက်ပျိုးလာနိုင်ပြီဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က သဖန်းဆိပ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးနိုင်မှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက သဖန်းဆိပ် ရေလှောင်တမံကြောင့် စိုက်ပျိုးဧကများ တိုးမြှင့်အကျိုးဖြစ်ထွန်းသည့် အခြေအနေများ၊ ပြီးခဲ့သည့်မိုးတွင်း၌ မိုးရွာသွန်းမှု နည်းပါးသဖြင့် တမံအတွင်း ရေဝင်ရောက်မှုနည်းပါးရသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များကိုမှာကြားပြီး သဖန်းဆိပ်ရေလှောင်တမံအတွင်း ရေဝင်မှုအခြေအနေများကိုမေးမြန်းရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄) ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်က မူးမြစ်ရေစီးဝင်မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် သဖန်းဆိပ်ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ၏ တာဘိုင်များနှင့် ထိန်းချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ သဖန်းဆိပ်ရေလှောင်တမံ၏ ရေသိုလှောင်ထိန်းသိမ်းထားနိုင်မှု အခြေအနေကို မော်တော်ယာဉ်များဖြင့် တမံတစ်လျှောက် ကြည့်ရှုစစ်ဆေးကြပြီး ပင်မရေပိုလွှဲကိုလည်း ကြည့်ရှုစစ်ဆေးကြသည်။

သဖန်းဆိပ် ရေလှောင်တမံကို ၂၀၀၁ခုနှစ် ဧပြီ ၁၇ရက်တွင် ဖွင့်လှစ်ခဲ့ပြီး သဖန်းဆိပ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ၂၀၀၂ခုနှစ် ဇွန် ၁၈ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် နံနက်၉နာရီခွဲတွင် ရဟတ်ယာဉ်များဖြင့် ကန့်ဘလူမြို့နယ်ရှိ ကျေးပင်အက် ရေလှောင်တမံသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ဝန်ကြီးဗိုလ်ချုပ်ညွန့်တင်က ကျေးပင်အက် ရေလှောင်တမံကို ၂၀၀၁ခုနှစ် ဒီဇင်ဘာ ၂၅ရက်တွင် ဖွင့်လှစ်ခဲ့ပါကြောင်း၊ ၂၀၀၁ခုနှစ် အောက်တိုဘာမှစ၍ ရေစတင်သိုလှောင်ခဲ့ပါကြောင်း၊ ကျေးပင်အက်ရေလှောင်တမံသည် မူလက သီးနှံစိုက်ဧက ၈၀၀၀ခန့်ကို အကျိုးပြုမည်ဟုခန့်မှန်းခဲ့သော်လည်း လက်တွေ့တွင် ဧက ၈၅၀၀ခန့်အထိ တိုးမြှင့်အကျိုးပြုနိုင်ခဲ့ကြောင်း။

နွေစပါးဧက ၁၅၀၀စိုက်ပျိုးနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ကျေးပင်အက်ရေလှောင်တမံကြောင့် ရည်မှန်းထားသည့် စိုက်ပျိုးဧကများထက် တိုးမြှင့်အကျိုးခံစားရသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များ မှာကြားပြီး ကျေးပင်အက် ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ကန့်ဘလူမြို့နယ် ဆိပ်ဖူးမြောင် စံပြကျေးရွာသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဆိပ်ဖူးမြောင် စံပြကျေးရွာရှိ အခြေခံပညာ မူလတန်းလွန်ကျောင်း၊ ကျေးလက်ဆေးပေးခန်းနှင့်ကျေးလက်ကျောက်ချောလမ်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ကျေးရွာမှ တာဝန်ရှိသူများ၊ ရွာသူ၊ ရွာသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး နိုင်ငံတော်က ဖြည့်ဆည်း အကောင်အထည်ဖော်ပေးလျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်ဖြင့် မိမိကျေးရွာ ယခုထက် ဖွံ့ဖြိုးစည်ပင်အောင် ကြိုးပမ်းကြရန်မှာကြားသည်။

ဆိပ်ဖူးမြောင် စံပြကျေးရွာတွင် ယခင်က အခြေခံပညာ မူလတန်းကျောင်းသာရှိခဲ့ပြီး ယခုအခါ မူလတန်းလွန်ကျောင်းအဆင့် ဖွင့်လှစ်သင်ကြားပေးနိုင်နေပြီ ဖြစ်သည်။

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် ကျေးရွာအတွင်း လမ်းများကောင်းမွန်အောင် ဆောင်ရွက်ထားပြီး ဖြစ်သကဲ့သို့ ကန့်ဘလူမြို့နှင့်ဆက်သွယ်သည့် ကျေးလက်ကျောက်ချောလမ်းကိုလည်း ဖောက်လုပ်ပြီးဖြစ်သည်။

ကျန်းမာရေးအတွက် ကျေးလက်ဆေးပေးခန်း ဖွင့်လှစ်ထားရှိရာ ရောဂါကာကွယ်ရေး၊ ကုသရေး၊ ပညာပေးရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ပြီဖြစ်သည်။

သန့်ရှင်းသည့် သောက်ရေ၊ သုံးရေရရှိရေးကိုလည်း စီမံထားပြီးဖြစ်သည့် အပြင် နေကြာ၊ ပဲ၊ ပြောင်း စသည့် သီးနှံများ စိုက်ပျိုးဖြစ်ထွန်းနေသည့် စံပြကျေးရွာတစ်ရွာဖြစ်ကြောင်း သိရသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၆ရက် နံနက်ပိုင်းတွင် ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော် စတုတ္ထအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်သို့ တက်ရောက်ကြည်ညိုကြပြီး ညနေပိုင်းတွင် မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များ ကန့်ဘလူမြို့နယ် ဆိပ်ဖူးမြောင် စံပြကျေးရွာရှိ ကျေးလက်ဆေးပေးခန်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကန့်ဘလူမြို့ ဒစ်ဂျစ်တယ် အီလက်ထရောနစ် အော်တိုအိတ်ချိန်းသစ်ဖွင့်ပွဲ တက်ရောက်ဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၈

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့၌ တည်ဆောက်ပြီးစီးသွားသည့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဒစ်ဂျစ်တယ် အီလက်ထရောနစ် အော်တိုအိတ်ချိန်းသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ရက် ညနေ ၄နာရီတွင် အဆိုပါ အော်တိုအိတ်ချိန်းသစ်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အိတ်ချိန်းသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်မြတ်ဟိန်း၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ စစ်ကိုင်းတိုင်းမှ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာ၊ ပန်းဖွားအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကန့်ဘလူမြို့ ဒစ်ဂျစ်တယ် အီလက်ထရောနစ် အော်တိုအိတ်ချိန်းသစ် ဖွင့်ပွဲအခမ်းအနားတွင် အော်တိုအိတ်ချိန်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ မင်္ဂလာမဏ္ဍပ်၌ ဖွင့်ပွဲအစီအစဉ်များကို ကျင်းပရာ စစ်ကိုင်းတိုင်း **စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ❐



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တောင်ကြီးမြို့နယ် မုံတဝလိုဏ်ဂူတော်တွင် ဗုဒ္ဓရုပ်ပွားတော်များအား ပူဇော်ကြည်ညိုပြီး ဂူလမ်းတစ်လျှောက် ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

✧ နိုင်ငံ့ဝန်ထမ်းများမှ

ရှေးဦးစွာ တက္ကသိုလ်စာကြည့်တိုက်ခန်းမ၌ ပါမောက္ခချုပ် ဒေါက်တာမောင်ကျော်က တောင်ကြီးတက္ကသိုလ်၏နောက်ခံသမိုင်း၊ တည်နေရာနှင့် အကျယ်အဝန်း၊ ဘွဲ့ကြိုဂုဏ်ထူးတန်း၊ မဟာအရည်အချင်းစစ်သင်တန်း၊ မဟာတန်းနှင့် မဟာသုတေသနသင်တန်းများ ဖွင့်လှစ်ထားမှု၊ ကျောင်းသားဦးရေ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန၏ သင်တန်းများ၊ တောင်ကြီးတက္ကသိုလ်မှ ပါရဂူဘွဲ့ (Ph.D)သင်တန်း တက်ရောက်နေသူများ၊ တောင်ကြီးတက္ကသိုလ်မှ ဝိဇ္ဇာ၊သိပ္ပံဘာသာရပ်ဌာနများမှ ဆောင်ရွက်နေသည့် သုတေသနလုပ်ငန်းများ၊ ကွန်ပျူတာ ၁၁၈လုံးအသုံးပြု၍ ဖွင့်လှစ်ထားသော IT Centre ခန်းများ၊ ဝန်ထမ်းဖွဲ့စည်းပုံ၊ ခန့်ထားပြီးအင်အားနှင့် လုပ်ငန်းလိုအပ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တောင်ကြီးတက္ကသိုလ်အတွက် လိုအပ်သော Lecture Theatre တစ်ဆောင်တည်ဆောက်ရန် စီစဉ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒေင်အုပ်စုကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးချစ်ခိုင်က တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၏ ဗိသုကာပုံစံနှင့် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တောင်ကြီးတက္ကသိုလ် သတ္တဗေဒဌာနမှ တွဲဖက်ပါမောက္ခ ဦးဝင်းမြင့်ဆန်းက ဒေသ၌ ရေပုတ်သင်များပေါက်ပွားမှုအခြေအနေကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှားပါးရေပုတ်သင်များ မျိုးဆက်မတုံးစေရေး သုတေသနပြုဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တောင်ကြီးမြို့နယ် မုံတဝလိုဏ်ဂူတော်သို့ ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်များအား ပူဇော်ကြည်ညိုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မုံတဝလိုဏ်ဂူတော်၏ ဂူလမ်းတစ်လျှောက် ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မုံတဝဂူဆရာတော်အား နဝကမ္မအလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တောင်ကြီးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ညနေ၄နာရီတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံမှာကြားသည်။

တွေ့ဆုံမှာကြားသည့် အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင် ယနေ့ မိမိနှင့်အဖွဲ့ ရှမ်းပြည်နယ် တောင်ကြီးမြို့သို့ရောက်ရှိစဉ် ရှမ်းပြည်နယ်နှင့် ခရိုင်အဆင့် တာဝန်ရှိသူများအား မှာကြားဖွယ်ရာများ မှာကြားလိုကြောင်း။

ယနေ့ မိမိတို့သည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေး ဦးတည်ချက်၊ ရည်မှန်းချက်ဖြင့် ကြိုးပမ်းဆောင်ရွက်နေကြောင်း။

မိမိတို့ တာဝန်စတင်ယူစဉ် ကာလကစတင်ပြီး နိုင်ငံတော် အေးချမ်းတည်ငြိမ်မှုရရှိအောင် တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြပြီး နယ်စွန်နယ်ဖျားဒေသများပါမကျန် တည်ငြိမ်အေးချမ်းမှုများ ရရှိဖြစ်ထွန်းလာခဲ့သဖြင့် အဆိုပါ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့သည်နှင့်အညီ ယနေ့အစွန်အဖျားဒေသများပါမကျန် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိနေသည်ကို တွေ့ရှိရမှာဖြစ်ကြောင်း။

ထို့အပြင် ပြည်နယ်နှင့်တိုင်းများအားလုံး အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခုသတ်မှတ်ပြီး တက္ကသိုလ်၊ ကောလိပ်များ၊ အစိုးရနည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ်နှင့် ဆေးရုံကြီးများ တည်ထောင်ပေးခဲ့ပြီး အဆိုပါ ဒေသရှိ ပြည်သူများ စားဝတ်နေရေးပြည့်စုံချောင်လည်အောင်၊ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားအောင်၊ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ပေးနိုင်အောင်၊ ဒေသနေလူငယ်လူရွယ်များ နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားလာအောင်ဆောင်ရွက်ပေးခဲ့ကြောင်း။

ဆက်လက်ပြီး အတွင်းပိုင်းရှိ ကျေးလက်ဒေသများပါမကျန် နိုင်ငံတော်ကြီးတစ်ခုလုံး တိုးတက်ဖြစ်ထွန်းလာစေရေးအောင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိနေကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီးတစ်ခုလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းကဏ္ဍအလိုက် စီမံကိန်းများချမှတ်ပြီး ကြိုးစားအကောင်အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့မှုကြောင့် ယနေ့ဆိုလျှင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် တိုးတက်မြင့်မားရေးကို အထောက်အကူပြုမည့် ဆည်မြောင်း၊ တာတမံများ၊ တံတားကြီးများ၊ လမ်းမကြီးများစသည့် အခြေခံအဆောက်အအုံပေါင်းမြောက်မြားစွာသည် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနယ်ပယ်ကဏ္ဍစုံတွင် ဖြန့်ကြက်ပေါ်ထွန်းလာသည်ကို တွေ့ရှိကြရမှာဖြစ်ကြောင်း။

ဆက်သွယ်ရေးကဏ္ဍနှင့် ပတ်သက်၍လည်း ကျေးလက်ဒေသနယ်စွန်နယ်ဖျားများအထိ အချိန်အခါမရွေး ဆက်သွယ်နိုင်အောင် ဆောင်ရွက်ပေးမည့် အစီအမံများရှိထားသည့်အပြင် လုပ်ငန်းများလည်း စတင်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း၊ ထို့ပြင် နယ်စွန်နယ်ဖျားမကျန် နိုင်ငံတော်၏ အခြေအနေမှန်များကို သိရှိနိုင်စေရန် ရုပ်သံထပ်လွှင့်စက်ရုံများကိုလည်း နယ်စပ်ဒေသများတွင် ထူထောင်ပေးလျက်ရှိနေကြောင်း။

နိုင်ငံတော်၏စီးပွားရေး တိုးတက်ခိုင်မာရေး၊ ပြည်သူများ လူနေမှုဘဝ တိုးတက်မြင့်မားရေးတို့အတွက် ခိုင်မာသည့် အခြေခံကောင်းများကို တိုးတက်ဖြစ်ပေါ်နေသည့် အခြေအနေအချိန်အခါနှင့်အညီ မိမိတို့မျှော်မှန်းထားသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးအတွက်နိုင်ငံတော်ကရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကိုချမှတ်ပြီး လုပ်ငန်းများစတင်ဆောင်ရွက်နေသည့် အချိန်အခါဖြစ်ကြောင်း။

မိမိတို့ မျှော်မှန်းသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးတွင် တစ်နိုင်ငံလုံး၌ မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူအားလုံး၊ အမျိုးသားရေး အင်အားစုများအားလုံး တစုတစည်းတည်း၊တစ်စိတ်တစ်ဝမ်းတည်း ညီညီညွတ်ညွတ်ပူးပေါင်းလက်တွဲ ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

ဤသို့သောအခြေအနေ အချိန်အခါမျိုးတွင် နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်များ လက်တွေ့ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရေးတွင် ပင်မတာဝန်ရှိသူများမှာ နိုင်ငံ့ဝန်ထမ်းများပင်ဖြစ်ကြောင်း။

ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအားလုံးက နိုင်ငံတော် အစိုးရ၏ ပြည်သူများအပေါ်ထားရှိသည့် ဖြူစင်သော စေတနာများကို ပြည်သူအများက သိမြင်ခံစားစေရအောင်၊ နိုင်ငံတော်၏ အမျိုးသားရေးမျှော်မှန်းချက်များကို ပြည်သူများ နားလည်သဘောပေါက် ပါဝင်လာစေရအောင် စံနမူနာပြ ဦးဆောင်စည်းရုံးဆောင်ရွက်သွားကြရန် တာဝန်ရှိကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေမည့် အစီအမံများ၊ ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေမည့် မူဝါဒလုပ်ငန်းစဉ်များ စနစ်တကျ ချမှတ်ပေးလျက်ရှိသကဲ့သို့ ယင်းလုပ်ငန်းများ လက်တွေ့အကောင်အထည်ပေါ် ဖြစ်ထွန်းစေရေးအတွက် နိုင်ငံတော်တာဝန်ရှိသူများကိုယ်တိုင် အခြေခံဒေသ ကျေးလက်အထိ ဆင်းပြီး စီမံဖြည့်ဆည်းပေးလျက်ရှိနေကြောင်း။

ထို့ကြောင့် ပြည်နယ်၊ တိုင်း၊ ခရိုင်၊မြို့နယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများ အားလုံးက အခြေခံဒေသကျေးလက်အထိ ဆင်းကာ ပြည်သူများနှင့် ထိတွေ့ပြီး ပြည်သူများ၏ လက်တွေ့ဘဝ အခြေအနေနှင့် လိုလားချက်များ၊ လိုအပ်ချက်များကို သိရှိ ဖြည့်ဆည်းပေးကြရမှာ ဖြစ်ကြောင်း။

မြို့နယ်အဆင့်တာဝန်ရှိ ဝန်ထမ်းများကကျေးလက်နေပြည်သူများ၏ လိုအပ်ချက်များကိုသိရှိပြီး မိမိတို့ ဖြည့်ဆည်းဆောင်ရွက်ဖွယ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသကဲ့သို့ မိမိမဆောင်ရွက်နိုင်သည့်ကိစ္စများ၊ ပြည်သူများ၏ ပကတိ အခြေအနေမှန်များကို အထက်အဆင့်ဆင့်သို့ တင်ပြရန်လိုကြောင်း။

ဗဟိုနှင့် ပြည်နယ်၊ တိုင်း၊ ခရိုင် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များကလည်း အခြေခံဒေသအထိ ပကတိအခြေအနေမှန်များကိုသိရှိအောင်အမြဲမပြတ်စူးစမ်းလေ့လာပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြရန် လိုကြောင်း။

ထို့ကြောင့်ဗဟို၊ ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့်မြို့နယ် အဆင့်ဆင့်တို့ အပြန်အလှန် ထိတွေ့ ပေါင်းစပ်ပြီး နိုင်ငံတော်အစိုးရ၏ ပြည်သူများအပေါ်ထားရှိသည့် စေတနာနှင့် ရည်မှန်းချက်များ လက်တွေ့အကောင်အထည်ပေါ် ဖြစ်ထွန်းစေရအောင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် အလေးထား မှာကြားလိုကြောင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဟဲဟိုးလေဆိပ်သို့ရောက်ရှိကြပြီး ဆက်လက်ထွက်ခွာလာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

❒ စာမျက်နှာ ၁၂မှ

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ရှင်းလင်းတင်ပြရာ၌ ၂၀၀၄ခုနှစ်၏ နှစ်သစ်တွင် ကန့်ဘလူမြို့အတွက် ဒစ်ဂျစ်တယ် အီလက်ထရောနစ် အော်တိုအိတ်ချိန်းသစ် ဖွင့်လှစ်သုံးစွဲခွင့်ရသဖြင့် မင်္ဂလာရှိသည့်နေ့ဖြစ်ကြောင်း၊ ယခုအခါ ကန့်ဘလူမြို့မှ ပြည်တွင်း၊ ပြည်ပသို့ လွယ်ကူစွာ ဆက်သွယ် ပြောဆိုနိုင်ပြီ ဖြစ်ကြောင်း။

မကြာမီ ချောင်းဦးမြို့၊ မြင်းမူမြို့နှင့် ကသာမြို့တို့၌လည်း ယခုကဲ့သို့အော်တိုအိတ်ချိန်းသစ်များ ထပ်မံဖွင့်လှစ်နိုင်တော့မှာဖြစ်ကြောင်း။

နိုင်ငံတော်က ငွေကြေးမြောက်မြားစွာ အကုန်အကျခံ တည်ဆောက်ပေးခဲ့သည့် အော်တိုအိတ်ချိန်းနှင့် တယ်လီဖုန်းလိုင်းများ ရေရှည်တည်တံ့ ကောင်းမွန်ရေးအတွက် ဒေသခံ ပြည်သူများအနေဖြင့် ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်သွားကြရမှာ ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်က ကန့်ဘလူမြို့နယ်အနေဖြင့် စီးပွားရေးဖွံ့ဖြိုးလာသည်နှင့်အမျှ ဆက်သွယ်ရေးကဏ္ဍပါ ဖွံ့ဖြိုးတိုးတက်လာရန် လိုအပ်ကြောင်း၊ ထို့ကြောင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ကန့်ဘလူမြို့တွင် ဒစ်ဂျစ်တယ် အီလက်ထရောနစ် အော်တိုအိတ်ချိန်းသစ်ကို တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ အိတ်ချိန်းသစ်တည်ဆောက် ဖွင့်လှစ်နိုင်မှုကြောင့် တယ်လီဖုန်း ဆက်သွယ်ပြောဆိုမှုသာမက သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ(ICT) ကဏ္ဍတွင်လည်း ကျယ်ကျယ်ပြန့်ပြန့် တိုးတက် ဖြစ်ထွန်းလာစေမှာ ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြို့မိမြို့ဖတစ်ဦးဖြစ်သည့် ဦးအောင်ခင်ယောက အော်တိုအိတ်ချိန်းသစ် ဖွင့်လှစ်နိုင်ခြင်းအတွက် ဒေသခံပြည်သူများ၏ကိုယ်စားကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက်တိုင်းမှူးဗိုလ်ချုပ်သာအေး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့် မြို့မိမြို့ဖ တစ်ဦးဖြစ်သည့် ဦးစိုးမြင့်တို့က အော်တိုအိတ်ချိန်း အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စက်ခလုတ်နှိပ်၍ အော်တိုအိတ်ချိန်း ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် အိတ်ချိန်းသစ်ရှိ ဆက်သွယ်ရေး စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြပြီး ပြည်တွင်း၊ ပြည်ပသို့ တယ်လီဖုန်း ဆက်သွယ်ပြောကြားကြသည်။ (သတင်းစဉ်)

● စာမျက်နှာ ၁၁ မှ

ယခုကဲ့သို့ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရာတွင် လက်ရှိ ရရှိနေပြီဖြစ်သည့်အေးချမ်းတည်ငြိမ်မှု၊ ငြိမ်းချမ်းသာယာမှု အခြေခံကောင်းများ ဆက်လက်ဖြစ်ထွန်းနေစေရအောင်၊ အေးချမ်းမှု၊ တည်ငြိမ်မှု အပြည့်အဝမရရှိသေးသည့် အစိတ်အပိုင်း အချို့တွင်လည်း အေးချမ်းတည်ငြိမ်မှု ပြည့်ပြည့်ဝဝ ရရှိဖြစ်ထွန်းလာအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် ရရှိဖြစ်ထွန်းနေသည့် စီးပွားရေးအခြေခံကောင်းများ အရှိန်အဟုန်ဖြင့် ဆက်လက်ဖြစ်ထွန်းလာရေးနှင့် နောင်အနာဂတ်တွင် တိုင်းပြည်တာဝန်ထမ်းဆောင်ကြရမည့် လူငယ်လူရွယ်များအား နိုင်ငံတကာအဆင့်မီ ပညာရပ်မြင့်မားလာစေရေးတို့ကိုလည်း ဆက်လက်အရှိန်မြှင့်တင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

ထို့ကြောင့်နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူအားလုံး၊ အမျိုးသားရေးအင်အားစုများအားလုံးက မိမိတို့ မျှော်မှန်းထားသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး အောင်အောင်မြင်မြင် ဖြစ်ထွန်းလာရေးအတွက် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်းဖြင့် အခမ်းအနားအပြီးတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကွမ်းခြံကုန်းမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ဒေါက်တာတင်ထွန်းနှင့် ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းနှင့်လူနာဆောင်များကို ကြည့်ရှုစစ်ဆေးပြီးဆေးရုံအတွင်း/အပြင် သန့်ရှင်းသပ်ရပ်မှုရှိစေရေး ကြပ်မတ်တာဝန်ပေးဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ကွမ်းခြံကုန်းမြို့ မဟာတိလောကမှန်ကူ သွန်းဘုရားကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သွန်းဘုရားကြီးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကော့မှူးမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မွန်းလွဲ ၁နာရီခွဲတွင် ကော့မှူးမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းသစ် ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့က ကော့မှူးမြို့ ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကကော့မှူးမြို့ ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းသစ် ဖွင့်ပွဲ အထိမ်းအမှတ်ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဒစ်ဂျစ်တယ်အော်တို အိတ်ချိန်းသစ် အဆောက်အအုံအတွင်းရှိ Switching Room အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကော့မှူးမြို့ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းသစ်မှပြည်တွင်းရှိ မြို့ကြီးများသို့လည်းကောင်း၊ ပြည်ပနိုင်ငံများသို့လည်းကောင်း တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြားသည်။

ယခုဖွင့်လှစ်သော ကော့မှူးမြို့ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းသစ်သည်KX.TD 500 အမျိုးအစားဖြစ်ပြီး ဒစ်ဂျစ်တယ် အော်တိုတယ်လီဖုန်းအလုံး ၄၀၀ တပ်ဆင်အသုံးပြုနိုင်၍ လက်ရှိတယ်လီဖုန်းအလုံး ၂၀၀ တပ်ဆင်ထားပြီးဖြစ်သည်။ အဝေးဆက်သွယ်မှုအနေဖြင့် C.O Line ၁၂လိုင်း ပါရှိပြီး မြန်မာနိုင်ငံတစ်နိုင်ငံလုံးသို့သာမက ပြည်ပနိုင်ငံများသို့ပင် ဆက်သွယ်ပြောဆိုနိုင်ကြောင်းသိရသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တွံတေးမြို့နယ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း မိဘမဲ့လူငယ်ဖွံ့ဖြိုးရေးမင်္ဂလာပရဟိတဂေဟာသင်တန်းကျောင်းသို့ရောက်ရှိကြပြီး ကျောင်းအုပ်ဘုရားကြီးမင်္ဂလာတိုက် ကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာအား ပူဇော်ကန်တော့ကြသည်။

ထို့နောက် ဆရာတော်ဘဒ္ဒန္တ စန္ဒိမာက ဘုန်းတော်ကြီးသင် ပညာရေးကျောင်း မိဘမဲ့လူငယ်ဖွံ့ဖြိုးရေးမင်္ဂလာပရဟိတဂေဟာ သင်တန်းကျောင်း၏ အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းမိန့်ကြားတော်မူသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို အစိုးရအခြေခံပညာမူလတန်းကျောင်း အဆင့်တိုးမြှင့်ပေးပြီး မိဘမဲ့လူငယ်ဖွံ့ဖြိုးရေးမင်္ဂလာပရဟိတဂေဟာအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဒလမြို့ဆိပ်ကမ်းသို့ ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရေယာဉ်ဖြင့် ရန်ကုန်မြစ်အတွင်း လှည့်လည်၍ ရန်ကုန်မြစ်တွင်း ပြည်တွင်း၊ ပြည်ပ ရေယာဉ်များဝင်ထွက်မှု၊ ရန်ကုန်ဆိပ်ကမ်းသန့်ရှင်းသာယာရေး ဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုကြသည်။ ထိုမှတစ်ဆင့် ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့တွင်အသုံးပြုရန် လိုအပ်သော စက်ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့တွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ စက်ပစ္စည်းများ ဝယ်ယူလိုပါသည်။

(က) မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

Item	Description	Qty
(1)	Cylinder Assembly. V.00015000 B Model; TASCAM DA-30 MK II	2 Nos
(2)	Record/ Playback Head Model; TASCAM 122 MK II	2 Nos
(3)	Record/Playback Head 578301800 Model; TASCAM BR-20 N	2 Nos

(ခ) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

Item	Description
(1)	Noritsu QSS-2901 Digital C/W 135/240 Auto Film Carrier 120 Auto Film Carrier Digital ICE Software Card/ Calendar Creation Software Multi Frame Print Creation Software Frame Print Creation Software Paper magazine (3. Boxes) QSS-2901.System installation CD&Floppy Disk. Dark Bag.(1.Pc) Extra Lamp (2.Pcs)

၂။ တင်ဒါပေးသွင်းမှုကို ၁၈-၂-၂၀၀၄ရက်(၁၆:၃၀)နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများ
ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ်-၂၂၈၊ သိမ်ဖြူလမ်း၊ရန်ကုန်မြို့
ဖုန်း-၂၄၅၆၃၁၊၂၄၅၆၂၄၊ ၂၄၅၆၄၅။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင်လမ်း၊ အမှတ်(၇၂၅)နေ
ဗိုလ်ကြီးဝင်းမောင်(ငြိမ်း)+ ဒေါ်နီနီခင်တို့၏သားလတ်

မောင်သောင်းတင်ဝင်း

A.G.T.I(E.P),B.Sc (Physics) M.O.T 1st Class Part(A) 3/E (F.G)

နှင့်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ တန်ဆောင်းကြီးလမ်း၊ အမှတ် (၂၄)နေ
ဦးလှသိမ်း (စာရင်းစစ်အရာရှိ၊ ငြိမ်း)
ဒေါ်ခင်သန်းနွယ် (အထက်တန်းကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း)တို့၏ သမီးကြီး

မမြတ်သီတာမင်း

M.Econ (Statistics), Dip.DS (3rd Semester)

ဦးစီးအရာရှိ (မြန်မာနိုင်ငံတော် ဗဟိုဘဏ်)

တို့၏ ၈-၂-၂၀၀၄ရက်နေ့ International Business Centre ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ကုံး ချီးမြှင့်ပေးသော ဒုတိယဗိုလ်ချုပ်ကြီးသန်းညွန့်(ရေ၊ ငြိမ်း)နှင့် ဇနီး ဒေါ်ယဉ်ယဉ်ရွှေ၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် ဇနီး ဒေါ်ညွန့်ရီ၊ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူး ဒေါ်ကျင်စန်း၊ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ လုပ်ဖော်ကိုင်ဖက်များ၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူး ပြုလုပ်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး သီချင်းသီဆိုပေးသော တေးသံရှင် ရတနာဦး၊ တေးသံသာများဖြင့် တီးခတ် ဖျော်ဖြေပေးသော စန္ဒရားသိန်းမြင့်သန်း၊ တေးသီချင်းများနှင့် ဖျော်ဖြေပေးသော အဆိုတော် ကိုတူးတူးနှင့် တေးသံရှင်များ၊ မင်္ဂလာဝတ်စုံ ကိုမြင့်စိုး(ဗိုလ်ချုပ်ဈေး)၊ မိတ်ကပ်ဖြင့် အလှဆင်ပေးသော မိတ်ကပ် စိုးစိုး၊ မင်္ဂလာဧည့်ခံပွဲ ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော IBC မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
မောင်သောင်းတင်ဝင်း+မမြတ်သီတာမင်း။

ဝမ်းမြောက်ဂုဏ်ယူခြင်း

ပဲခူးမြို့ မြင်းကျား၊ ရွှေဒေါင်းပျံ၊ လိပ်စွန်ဆေးလိပ်ရုံပိုင်ရှင် သီဟသုဓမ္မသိင်္ဂီဒေါ်လှကြည်အား ၂၀၀၄ခုနှစ် (၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်မှ သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ် ထပ်မံချီးမြှင့်ခြင်းခံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် ဆက်လက်၍ နိုင်ငံတော်အကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Dr. နေဦး-ဒေါ်တင်နွဲ့ရီ၊ Dr. နေမင်းအုပ်-ဒေါ်ခင်ဌေးဝင်း၊ ဒေါ်ခင်ကြည်မိသားစု၊
ကိုအောင်နိုင်-Dr. မာမာမြင့်၊ ကိုအေးနိုင်-မနန်းသင်းမြင့်ကြည်၊ ကိုမိုးနိုင်-မငြိမ့်ငြိမ့်ကျော်။

ကွန်ပျူတာသတင်းလွှာ ထုတ်ဝေ

ရန်ကုန် ဖေဖော်ဝါရီ ၈

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCSA)က IT ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် MCSA Newsletter သတင်းလွှာကို သုံးလလျှင်တစ်ကြိမ် အပတ်စဉ် ထုတ်ဝေလျက်ရှိရာ ဇန်နဝါရီလထုတ် MCSA Newsletter ထွက်ရှိပြီဖြစ်သဖြင့် အသင်းဝင်များသည် အသင်းရုံးခန်း MICT Park ၌ အခမဲ့ လာရောက်ထုတ်ယူနိုင်သည်။ (သတင်းစဉ်)

အမျိုးသမီး ကိုယ်ကာယအလှနှင့် ကျန်းမာရေးသင်တန်းဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၈

မောင်ဗမာစိန်မောင်၏ သင်တန်းအမှတ်စဉ်(၃) (၂၅၂) ရွှေဘုံသာ (အလယ်)လမ်း ပထမထပ်တွင် သင်တန်းအပတ်စဉ် (၂)ကို ဖွင့်လှစ်မည်။ ကာယအလှမယ်များကို သင်ကြားပြသပေးသည့် နည်းစနစ်များအတိုင်း အမျိုးသမီးကိုယ်ကာယအလှနှင့် ကျန်းမာရေးသင်တန်းကို နည်းပြသင်တန်းနှင့်အတူ ပူးတွဲ၍ ဖွင့်လှစ်ထားသည်။ သင်တန်းအပတ်စဉ် (၂)တွင် အဝလွန်နေသူများ၊ အဆီချလိုသူများ တစ်လအတွင်း နည်းစနစ်မှန်ကန်စွာဖြင့် စက်ကိရိယာများကို အသုံးပြု၍ တာဝန်ယူ ဆောင်ရွက်ပေးမည်ဖြစ်သည်။ သင်တန်းအမှတ်စဉ် (၁)ကို တောင်ဥက္ကလာ (၆)ရပ်ကွက် အားကစားရုံနှင့် အမှတ်စဉ် (၂)ကို အမှတ် (၁၀၃) တိုက်(၂) အောင်ချမ်းသာအိမ်ရာ ရွှေဂုံတိုင် ဗဟန်းမြို့နယ်တို့တွင် ဖွင့်လှစ်ထားရာ အသေးစိတ်သိလိုပါက ဖုန်း-၀၉၅၀၀-၁၈၄၀နှင့် ၂၄၆၄၉၂တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က-ပ)

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တောင်ပိုင်းခရိုင် စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေးမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၈

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် အမှတ်(၁) စစ်ဒေသမှူး ဗိုလ်မှူးကြီး ထွန်းကြည်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တောင်ပိုင်း ခရိုင် သန်လျင်၊ ကျောက်တန်းနှင့် သုံးခွမြို့နယ်များသို့ သွားရောက်၍ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။



ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် မွန်းလွဲ ၁ နာရီတွင် သန်လျင်မြို့နယ်၊ ရေကြောင်းပညာတက္ကသိုလ်နှင့် သီလဝါဆိပ်ကမ်းလမ်းဘေး၊ ဇာမဏီ ရေလှောင်တမံ ဆည်ရေသောက် ဧရိယာ၌ နွေစပါး စိုက်ပျိုးဖြစ်ထွန်းနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

သီလဝါတမံ

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် သန်လျင်မြို့နယ် သီလဝါရေလှောင်တမံသို့ ရောက်ရှိပြီး သီလဝါရေလှောင်တမံဆည်ရေသောက် ဧရိယာရှိ နွေစပါးခင်းများအား သီလဝါ ရေလှောင်တမံမှ ရေများကို ဆိုင်ဖွန်နည်းဖြင့် ရေပေးသွင်းနေမှု၊ စိုက်ပျိုးပြီး နွေစပါးခင်းများတွင် ဒေသခံတောင်သူ လယ်သမားကြီးများမှ သဘာဝ မြေသြဇာနှင့် ဓာတ်မြေသြဇာများ စုပေါင်းကြဲပက်နေမှု အခြေအနေများကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် အလွှမ်းဆွတ်ချောင်းပိတ်၍ နွေစပါးစိုက်ပျိုးနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် သုံးခွမြို့နယ် သိုက်တူးကန်ကျေးရွာ အနီး၌ ပဲတီစိမ်း ပန်းတိုင် အထွက်နှုန်းရရှိရေးအထူးဇုန် ဧက ၅၀၀၀ ရှိ လယ်သမားကြီး ဦးမြင့်သောင်း၏ လယ်မြေတွင် စံကွက်ရိတ်သိမ်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် ပဲတီစိမ်း ပန်းတိုင် အထွက်နှုန်းရရှိရေး ဧက ၅၀၀၀ အထူးဇုန်အတွင်း ပဲတီစိမ်း စိုက်ပျိုးနည်းစနစ် ယှဉ်ပြိုင်စမ်းသပ်ကွက်၊ မျိုးယှဉ်ပြိုင် စမ်းသပ်ကွက်၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ အမျိုးမျိုး အသုံးပြုယှဉ်ပြိုင်စမ်းသပ်ကွက်၊ ပဲပုပ်မျိုးများ ယှဉ်ပြိုင်စမ်းသပ်ကွက်နှင့် နေကြာ စမ်းသပ်စိုက်ပျိုးခင်းများကို ကြည့်ရှုအားပေးရာ ရန်ကုန်တိုင်း စိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ဆန်းက ပဲတီစိမ်း ယှဉ်ပြိုင်စမ်းသပ် စိုက်ပျိုးနည်းစနစ်များနှင့် ပတ်သက်၍ အသေးစိတ် လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက တာဝန်ရှိသူများအား ပဲတီစိမ်း ယှဉ်ပြိုင်စမ်းသပ်မှုများမှ ရရှိလာသည့် အခြေအနေများပေါ် မူတည်၍ လာမည့် ပဲတီစိမ်းစိုက်ပျိုးရာသီတွင် ရန်ကုန်တိုင်းအတွင်း ပန်းတိုင် အထွက်နှုန်းကျော်လွန်အောင် ဒေသခံ တောင်သူလယ်သမားကြီးများအား စနစ်တကျစိုက်ပျိုးနိုင်ရေး ပညာပေး ဆောင်ရွက်ကြရန် မှာကြားသည်။

တံတားမြို့

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် ကျောက်တန်းမြို့နယ် တံတားမြို့သို့ ရောက်ရှိပြီး မြို့အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျောက်တန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ဇော်က တံတားမြို့၏ ရပ်ကွက်များ အခြေအနေ၊ စိုက်ပျိုးရေးနှင့် တံတားမြို့ဖွံ့ဖြိုး တိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ တည်ဆောက်ပြီးစီးသည့် တံတားများ အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းပြီး တံတားမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ မှာကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဒေသကြက်များ မွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ဒေသကြက် တိုးချဲ့မွေးမြူကြရေး မှာကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် တံတားမြို့ တိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ခွဲစိတ်ဆောင်၊ လူနာဆောင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် တံတားမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး သီရိရတနာခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက တံတားမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးထားမှု အခြေအနေများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများမှလည်း မိမိတို့ တာဝန်ကျရာဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် တံတားမြို့ တိုက်နယ်ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင် စိုက်ထူရန် အလှူငွေများ ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ တိုက်နယ်ဆရာဝန် ဒေါက်တာဒေါ်မူမူမြင့်က လက်ခံရယူသည်။

ဆက်လက်၍ စေတနာရှင်ပြည်သူများက အလှူငွေကျပ် ၁၀ သိန်း ရှစ်သောင်းကို ပေးအပ်လှူဒါန်းရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်တို့က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် တံတားမြို့ တယ်လီဖုန်းအိတ်ချိန်းရုံးနှင့် စာတိုက်တို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် တံတားမြို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းသို့ ဝင်ရောက်ပြီး တာဝန်ရှိသူများအား တရားဥပဒေစိုးမိုးရေး၊ မှုခင်းများ လျော့နည်းပပျောက်ရေး လုပ်ငန်းများကို ပြည်သူ့ရဲကျင့်ဝတ်များနှင့်အညီ စေတနာထားအားကြိုးမာန်တက် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ကျောက်တန်းမြို့နယ် တံတားမြို့ အခြေခံပညာ အထက်တန်းကျောင်းရှိ သီရိရတနာခန်းမ၌ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံ ပြည်သူများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

(ရန်ကုန်တိုင်း)

(၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ယှဉ်ပြိုင်ရန် နှိုးဆော်

ရန်ကုန် ဖေဖော်ဝါရီ ၈

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် "ဖွံ့ဖြိုးသာယာ ပြည်မြန်မာ"နှင့် "ယဉ်ကျေးမှုအမွေ စောင့်ထိန်းလေ"ဟူ၍ ခေါင်းစဉ်နှစ်မျိုး သတ်မှတ်ပေးထားသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ ဓာတ်ပုံဝါသနာရှင်တိုင်းသည် ခေါင်းစဉ်တစ်မျိုးလျှင် လေးပုံစီအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို ၁၀ လက်မ × ၁၂ လက်မ နှင့် အထက်အရွယ် Print ပုံဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ယခင်နှစ်များက အလားတူပြိုင်ပွဲများ၌ ပထမ၊ ဒုတိယ၊ တတိယ ရရှိခဲ့ကြသူများအား သီးသန့်အုပ်စု သတ်မှတ်၍ ဆုချီးမြှင့်မည်ဖြစ်ရာ ဆုမရသေးသူများအတွက် ဆုရရှိမည့် အခွင့်အလမ်း ပိုမိုရရှိလာမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိပါက နဂ္ဂတစ်ကို တင်ပြနိုင်ရမည်။ ဓာတ်ပုံနှင့် ဆိုင်ရာအချက်အလက်များ (Data)နှင့် ဓာတ်ပုံအကြောင်းအရာ (Caption)ကို သီးခြားစာရွက်ပေါ်တွင် ရေးသား၍ ပူးတွဲပေးပို့ရမည်။ သရုပ်ဆောင်သူများ ပါရှိလျှင် ၎င်းတို့၏ သဘောတူခွင့်ပြုချက် ပါရှိရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်သော ဓာတ်ပုံသည် မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြခဲ့ခြင်း မရှိကြောင်း၊ ပြည်တွင်း ပြည်ပ ပြိုင်ပွဲများတွင် ဆုရရှိခဲ့ခြင်း မရှိကြောင်း ဝန်ခံဖော်ပြချက် ပါရှိရမည်။ Digital ကင်မရာဖြင့် ရိုက်ကူးထားသောပုံများ ပေးပို့ယှဉ်ပြိုင်ရန် မလိုကြောင်း ကြေညာထားသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲများတွင် ပြိုင်ပွဲတစ်မျိုးစီအတွက် ပထမ၊ ဒုတိယနှင့် တတိယဆုများအပြင် အထူးဆုများကိုပါ ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲများ၌ ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိကြသူများအား ၂၀၀၄ ခုနှစ် မတ်လ ၂၇ ရက်တွင် ကျင်းပမည့် (၅၉)နှစ်မြောက် တပ်မတော်နေ့၌ ရန်ကုန်မြို့တွင် ဆုချီးမြှင့်မည်ဖြစ်သည်။ ကျန်အထူးဆုရရှိသူများကို သက်ဆိုင်ရာ တိုင်း၊ တပ်မဌာနချုပ်များတွင် ကျင်းပသော (၅၉)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားများ၌ ဆုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို ဦးထွန်းမင်း ညွှန်ကြားရေးမှူး (ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၂၂-၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ လိပ်မူ၍ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက်မတိုင်မီ ပေးပို့ယှဉ်ပြိုင်ကြရန် သက်ဆိုင်ရာက ကြေညာချက် ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ်၏ မှာကြားချက် လုပ်ငန်းလမ်းညွှန်အဖြစ် လိုက်နာရေး ဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၈

ရှေ့နေချုပ်နှင့် ပြည်နယ်တိုင်း ဥပဒေအရာရှိများ၏ (၂၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ အတွေ့အကြုံ ပြန်လည်ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၅ ရက် မွန်းတည့် ၁၂ နာရီက ရန်ကုန်တိုင်း ဥပဒေရုံး၊ စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း ဥပဒေအရာရှိ ဦးကျော်မိုးနိုင်နှင့် ဒုတိယ တိုင်းဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ၊ မြို့နယ်ဥပဒေအရာရှိ များတက်ရောက်ကြသည်။

ပြန်လည်ရှင်းလင်း

ရှင်းလင်းဆွေးနွေးပွဲတွင် တိုင်းဥပဒေအရာရှိက ရှေ့နေချုပ်နှင့် ပြည်နယ်၊ တိုင်း ဥပဒေအရာရှိများ၏ (၂၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ အတွေ့အကြုံများကို ဥပဒေအရာရှိများအား ပြန်လည်ရှင်းလင်းဆွေးနွေးသည်။



ထို့အပြင် ဇန်နဝါရီ ၇ ရက်က သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များကို မှာကြားချက်များအား လုပ်ငန်း လမ်းညွှန်အဖြစ် လိုက်နာဆောင်ရွက်ကြရန် ပြောကြားသည်။

(အပေါ်ပုံ) (က-ပ)

အင်ဂျင်နီယာများအတွက် စီမံခန့်ခွဲမှုသင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၈

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့က ကြီးမှူး၍ Orientation Course for Engineering Management (OCEM) 02 သင်တန်းကို ဖေဖော်ဝါရီ ၁၆ ရက်မှ စတင်ပြီး ဖေဖော်ဝါရီ ၂၇ ရက်အထိ သင်ကြားပို့ချမည်ဖြစ်သည်။ Facilities Management, Time Scheduling, Cost Estimating, Code of Conduct, ISO 9000;2000, Essential Manager, Management, Basic Accounting, Company Accounts (P&L), Planning& Resource Management, Site Safety & Fire Prevention, Role of The Young Engineers, Management & Communication, MES Activities, Manager's Checklist, Telecommunication in Myanmar, Internet & Email စသည့် ဘာသာရပ်များ သင်ကြားပို့ချမည်ဖြစ်သည်။ သင်တန်းကာလအတွင်း လုပ်ငန်းခွင်သို့ လေ့လာရေးခရီးစဉ် ပါဝင်မည်ဖြစ်သည်။

စုံစမ်းမေးမြန်းနိုင်

သင်တန်းချိန်သည် တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ်မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိဖြစ်သည်။ သင်တန်းသားဦးရေ ကန့်သတ်ထားပါသဖြင့် သင်တန်းတက်ရောက်လိုသူများသည် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ MICT Park, အဆောင် (၆)၊ အခန်း(၅)ရှိ သင်တန်းရုံးခန်းသို့ သင်တန်းဝင်ခွင့်လျှောက်လွှာကို ဖေဖော်ဝါရီ ၁၄ ရက် နောက်ဆုံးထား၍ တင်သွင်းပြီး အသေးစိတ် သိရှိလိုပါက ဖုန်း-၆၅၂၂၉၄၊ ၆၅၂၂၉၅ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ပြည်ထောင်စုနေ့ ဂုဏ်ပြု ပရဟိတဂေဟာသို့ ငွေလှူဒါန်းမည်

ရန်ကုန် ဖေဖော်ဝါရီ ၈

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်း လေးမျက်နှာမြို့ ပရဟိတဂေဟာရှိ နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသားကလေးငယ်များအတွက် အဌမအကြိမ် ငွေလှူဒါန်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် မွန်းတည့်၁၂နာရီတွင် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၇၇)၊ တောရတပ်ဦးကျောင်း၊ စဥ့်ကူရပ်၊ အောင်ဆန်းမြို့၌ ကျင်းပမည်ဖြစ်ရာ စေတနာရှင်အလှူရှင်များအနေဖြင့် အောင်ဆန်းတောရတပ်ဦးကျောင်း ဖုန်း–၆၄၁၉၆၆သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

အထက(၁)တာမွေ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၈

၁၉၇၅ခုနှစ်မှ ၁၉၈၆ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက်(၅၀)ကျော် ဆရာ၊ ဆရာမများအား အာစရိယပူဇော်ပွဲ ကို ဖေဖော်ဝါရီ ၁၂ ရက်(ပြည်ထောင်စုနေ့) မွန်းလွဲ၁နာရီတွင် အထက(၁)တာမွေ ပင်လုံခန်းမ၌ ကျင်းပမည်ဖြစ်သည်။

မည်သည့်ခုနှစ် ကျောင်းသူ၊ ကျောင်းသားဟောင်းမဆို တက်ရောက်နိုင်ကြပြီး ဒေါ်တင်တင်စိုး ဖုန်း–၇၂၆၆၅၆၊ ကိုစန်းမြင့် ဖုန်း–၉၀–၈၀–၃၄၉၈၂၊ ဒေါ်တိုးတိုးခိုင်၊ ဒေါ်မြတ်မြတ်ခိုင် ဖုန်း–၅၄၀၃၄၂၊ ဗိုလ်ကြီးသန့်ဇော်ဝင်း ဖုန်း–၅၅၇၃၆၄၊ မနီနီလေးမြင့်၊ ကိုလွင်ဦး ဖုန်း–၅၇၇၁၃၉၊ ကိုဖြိုးစည်လွင် ဖုန်း–၀၉–၅၀၀–၈၃၉၈တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

ဝိပဿနာရှုပွားနည်း ဟောပြောပို့ချမည်

ရန်ကုန် ဖေဖော်ဝါရီ ၈

ဓမ္မရသရိပ်သာ ကမ္မဌာန်း နည်းပြဆရာကြီးဦးသန်းရွှေ(ဒလ–အံ့ကြီး)က ဖေဖော်ဝါရီ ၉ရက်မှ ၁၅ရက်အထိ ညနေ ၆နာရီမှ ၇နာရီခွဲအထိ မြောက်ဥက္ကလာပမြို့နယ် ၄/ရပ်ကွက် သန္တာ ၁၇လမ်း၊ အောင်သာဝတီစာသင်တိုက်ကြီးအတွင်းရှိ ဓမ္မအာဟာရဆွမ်းစားကျောင်းတော်ကြီးတွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၁၈ရက်မှ ၂၄ရက်အထိ ညနေ ၆နာရီခွဲမှ ည ၈နာရီအထိ မကွေးမြို့ မြို့လယ်ဆွမ်းလောင်း ဓမ္မာရုံကြီးတွင်လည်းကောင်း ဝိပဿနာရှုပွားနည်းများကို ဟောပြောပို့ချမည်ဟု သိရသည်။ (က–ပ)

ရှင်းလင်းဆွေးနွေး

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် မူခင်းကျဆင်းရေးနှင့် ပညာပေးဟောပြောပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၅ရက်က အမှတ်(၅)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်း အဝေးခန်းမ၌ပြုလုပ်ရာ ရပ်ကွက်ဥက္ကဌ ဦးတင်သိန်းက အဖွင့်အမှာစကားပြောကြားပြီး လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ စခန်းမှူး ရဲအုပ်ခင်မောင်သွင်က မှုခင်းကျဆင်းရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးစဉ်။ (၄၉)

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့နယ် နတ်တလင်း ပညာရေးအုပ်စု ကျောင်းမိသားစု(၂၅) ဘက်စုံ ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၇ ရက်က တဲစုကျေးရွာ အမက၌ ကျင်းပရာ ဘက်စုံပထမဆုရ မောင်မျိုးကိုကိုအား လက်ထောက်မြို့နယ်ပညာရေးမှူး ဦးမန်းကျော်လင်းက ဆုချီးမြှင့်စဉ်။ (၁၃၇)

ဆြဝါဒပါတိမောက် အခါတော်နေ့ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၈

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ ဩဝါဒပါတိမောက်အခါတော်နေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် နံနက်၈နာရီက မဟာစည်ဓမ္မာရုံကြီးတွင် ကျင်းပရာ အတွင်းရေးမှူးဦးမောင်မောင်ကြည်က ဩဝါဒပါတိမောက်အခါတော်နေ့ ကျင်းပရခြင်းအကြောင်းကို လျှောက်ထားတင်ပြပြီး သံဃာတော်များနှင့် ဟိတေသီအဖွဲ့ဝင် ယောဂီများက ဩဝါဒပါတိမောက် ပါဠိတော်များ၊ အနက် အဓိပ္ပာယ်များ၊ ရှစ်လုံးဘွဲ့ကဗျာများကို ရွတ်ဆိုပူဇော်ကြသည်။

ဩဝါဒါစရိယဆရာတော်ဦးကဝိဓဇ(အဂ္ဂမဟာကမ္မဌာနာစရိယ)အရှင်မြတ်က ဩဝါဒပါတိမောက် တရားတော်ကို ဟောကြားပြီး အလှူရှင် ကိုအောင်ဖြိုး–မရွှေစင်ထွန်းတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။ (က–ပ)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်မှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုဟောပြော

မော်လိုက် ဖေဖော်ဝါရီ ၈

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မော်လိုက်မြို့နယ်ရုံးမှ ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက် ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ဇန်နဝါရီ၁၃ရက် နံနက်၁၁နာရီက မော်လိုက်မြို့နယ် အော်ဇီးခုံကျေးရွာအုပ်စု အခြေခံပညာ မူလတန်းကျောင်းရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာဥက္ကဌ ဦးကျော်ဝင်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မော်လိုက်မြို့နယ် ဦးစီးမှူး ဦးညိုအုန်းက နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုများကိုလည်းကောင်း၊ စာကြည့်တိုက်လက်ထောက်–၃ ဒေါ်ခင်ဥကနယ်လှည့် စာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို လည်းကောင်း ဟောပြောကာ အော်ဇီးခုံကျေးရွာအုပ်စု အခြေခံပညာ မူလတန်းကျောင်းအုပ်ဆရာကြီး ဦးကိုကိုကြီးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် အခြေခံပညာမူလတန်းကျောင်းရှေ့တွင် ခင်းကျင်းပြသထားသော နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်နှင့် မှတ်တမ်းဓာတ်ပုံများကို တက်ရောက်လာကြသော ကျေးရွာပြည်သူများက စိတ်ဝင်တစား လေ့လာကြည့်ရှုကြသည်။

(မြို့နယ်ပြန်/ဆက်)

ရေမြောင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း ကျေးရွာပြည်သူများ ပူးပေါင်းဆောင်ရွက်

မြင်းခြံ ဇန်နဝါရီ ၂၅

မြင်းခြံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ဦးဆောင်မှုဖြင့် သင်ပြွန်းကျေးရွာအုပ်စု၊ ညောင်ပင်ရွာကျေးရွာတွင် ကျေးလက်နေပြည်သူများ သောက်သုံးရေကန် ရေဖူလုံစွာရရှိရေးအတွက် ရေကန်အတွင်းသို့ဝင်သော ရေမြောင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းကို ဇန်နဝါရီ ၁၈ ရက် နံနက် ၇ နာရီက အဆိုပါကျေးရွာတွင် ပြုလုပ်သည်။

ပူးပေါင်းဆောင်ရွက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်ထွန်း၊မြို့နယ်အသင်း အတွင်းရေးမှူးဦးမြအောင်၊ နယ်မြေတာဝန်ခံ ဦးမိုးဇော်နှင့်အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ ကျေးရွာပြည်သူများ စုစုပေါင်း အင်အား ၇၅၅ ဦးတို့ ပူးပေါင်းဆောင်ရွက်ကြကြောင်းသိရှိရသည်။ **(၁၁၄)**

ရေယာဉ်ရောင်းမည်

(၁) သံခွဲ –––––– ၃ စင်း

(၂) သစ်သားခွဲ –––– ၁ စင်း

Ph -374375, 250728, 371532, 09-500-3855

Graphic Design Course

- Adobe Illustrator
- Microsoft FrontPage
- Adobe Photoshop
- Image Scanning

Special Discount ၂၄၀၀ိ/-

သင်တန်းသား (၁၀)ဦးသာ လက်ခံ သတ်မှတ်ထားပါသည်။

MCC

သမဝါယမဝန်ကြီးဌာန
သမဝါယမဦးစီးဌာန
ရန်ကုန်သမဝါယမဒီဂရီကောလိပ်
သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (ရန်ကုန်သမဝါယမဒီကရီကောလိပ်)၏ အစီအစဉ် ဖြင့် အောက်ပါသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ **ဖွင့်လှစ်မည့်သင်တန်းများ**

လက်မှတ်ရသင်တန်းများ

(၁)Certificate in Computerized Accounting Course (ACCPAC plus with Modules)

(၂) လက်မှတ်ရမြန်မာကွန်ပျူတာစာရင်းကိုင်စနစ်သင်တန်း (i Ledger) (INTEGRA Systems Company Ltd. ဖြင့် ပူးပေါင်း၍ စီးပွားရေးလုပ်ငန်းများတွင် လက်တွေ့အသုံးပြုလျက်ရှိသော မြန်မာဘာသာဖြင့် စာရင်းသွင်းခြင်းစနစ်ကို Software Packages ရေးဆွဲသူများကိုယ်တိုင် ပို့ချမည်။)

(၃) Certificate in English Proficiency Course (ပြင်ပကျွမ်းကျင်ပညာရှင်များဖြင့် ပူးပေါင်းပို့ချမည်။)

(၄)Certificate in Korean Language Course (ကိုရီးယားနိုင်ငံမှ Native Speaker ဆရာတစ်ဦးပါဝင်ပို့ချမည်။)

၂။ **သင်တန်းအောင်လက်မှတ်**–လက်မှတ် (Certificate)ပေးမည်။

၃။ **သင်တန်းကာလ**–အထက်ပါသင်တန်းအားလုံး (၄)လသင်တန်း (စနေနေ့နှင့်တနင်္ဂနွေနေ့)

၄။ **သင်တန်းဝင်ခွင့်အရည်အချင်း**–အနိမ့်ဆုံးအခြေခံပညာအထက်တန်း(က) (သို့မဟုတ်) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ

၅။ **လျှောက်လွှာပုံစံယူရန်**–ရန်ကုန်သမဝါယမဒီကရီကောလိပ် (ဒီပလိုမာသင်တန်းခွဲ) **နှင့် သင်တန်းတည်နေရာ** ဆရာစံပလာဇာ (တတိယထပ်)၊ ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းသစ်ထောင့်၊ ဗဟန်းမြို့နယ်။

၆။ **လျှောက်လွှာပိတ်မည့်ရက်**–၂၅–၂–၂၀၀၄

၇။ **အသေးစိတ်အချက်အလက်**–အထက်ပါသင်တန်းခွဲရုံး

စုံစမ်းရန်ဖုန်း–၅၄၂၈၁၅၊ ၅၅၉၁၇၃

မှတ်ချက်–သင်တန်းသားဦးရေကန့်သတ်ထားပါသည်။

ဆက်သွယ်ရေးတပ်ဖွဲ့စစ်သည်များ အလိုရှိသည်

၁။ အောက်ပါပညာရပ်များတတ်ကျွမ်းလိုလျှင်ဆက်သွယ်ရေးတပ်ဖွဲ့သို့ဝင်ပါ–

သင်ကြားပေးမည့်ပညာရပ်များ	**လိုအပ်သည့်ပညာအရည်အချင်း**
(က) အီလက်ထရွန်နစ်ပညာ	အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူများ
(ခ) ကွန်ပျူတာအော်ပရေတာပညာ	
(ဂ) ရုံးစာရေးပညာ	
(ဃ) ဒေတာအော်ပရေတာပညာ	အခြေခံပညာအလယ်တန်း အောင်မြင်ပြီးသူများ
(င) ရေဒီယိုအော်ပရေတာပညာ	
(စ) ရေဒီယိုပြင်ပညာ	
(ဆ) လိုင်းပြင်ပညာ	
(ဇ) ဖစ်တာ(ဆက်သွယ်ရေး)ပညာ	
(ဈ) လိုင်းမင်း(ဆက်သွယ်ရေး)ပညာ	
(ည) မော်တော်ဆိုင်ကယ်စီးပညာ	
(ဋ) မော်တော်ယာဉ်မောင်းပညာ	
(ဌ) ယာဉ်မောင်းစက်ပြင်ပညာ	

၂။ ရွေးချယ်ခြင်းခံရပါက–

(က) အပိုဒ်(၁)၊ (က)၊ (ခ)၊ (ဂ) ပညာသည်များသည် သက်ဆိုင်ရာသင်တန်းအောင်မြင်ပြီးပါက တပ်ကြပ်ကြီးအဆင့် တိုက်ရိုက်ခန့်အပ်မည်။ တပ်ကြပ်ကြီးလုပ်သက်(၃)နှစ်ပြည့်ပြီး အရည်အချင်းစစ် စာမေးပွဲအောင်မြင်ပါက ဒုအရာခံဗိုလ်ခန့်အပ်ခြင်း ခံရမည်ဖြစ်ပြီး၊ ဒုအရာခံဗိုလ် (၃)နှစ်ပြည့်ပြီး အရည်အချင်းစစ် စာမေးပွဲအောင်မြင်ပါက အရာခံဗိုလ်အဆင့် တိုးမြှင့်ခန့်အပ်ခြင်းခံရမည်။

(ခ) ပညာသည်များအနက်မှ အခြေခံပညာအထက်တန်းအောင်မြင်သူများသည် သက်ဆိုင်ရာ သင်တန်းအောင်မြင်ပြီးပါက ဒုတိယတပ်ကြပ်အဆင့်မှ စတင် ခန့်ထားပြီး အရည်အချင်းစစ်စာမေးပွဲများ အောင်မြင်ပါက အရာခံဗိုလ်အဆင့်ထိ ခန့်အပ်ခြင်းခံရမည်။

(ဂ) သတ်မှတ်ချက်နှင့်ညီညွတ်ပါက ဗိုလ်လောင်းသင်တန်း ခေါ်ယူသည့်အခါ ဗိုလ်လောင်းသင်တန်းကို လျှောက်ထားခွင့်ပြုမည်။

၃။ ပညာရပ်ဆိုင်ရာသင်တန်းများတက်ရောက်အောင်မြင်ပြီးပါက မိမိနေထိုင်လိုသော မြို့/ ရွာနှင့်နီးသည့် ဆက်သွယ်ရေးတပ်ရင်း/တပ်/တပ်ခွဲများတွင် တာဝန်ချထားပေးမည်။

၄။ တပ်မတော်(ကြည်း)ဆက်သွယ်ရေးတပ်ဖွဲ့သို့ ဝင်ရောက်အမှုထမ်းလိုသူများသည် နီးစပ်ရာ ဆက်သွယ်ရေးတပ်များတွင် စာရင်းပေးသွင်းနိုင်ပါသည်။

ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး
ကာကွယ်ရေးဝန်ကြီးဌာန

Career Opportunity
(For Local Service Only)
Urgently Requirement

We are a Trading Company and are urgently looking for the well qualified personnel from the following posts.

(1) Project Development Department			
(i) Asst; Manager	B.E(Mech;)	M (1) Post	over 30 yrs
(ii) Executive	B.E/AGTI (Mech;)	M (1) Post	over 25 yrs
(iii) Executive	Any Graduate	M (1) Post	over 25 yrs
(2) Marketing Department			
(i) Asst; Manager	B.E(Mech;)	M (1) Post	
(ii) Sales Engineer	B.E/AGTI(Mech;)	M/F (1) Post	
(iii) Sales Engineer	B.E/ AGTI(EP)	M (1) Post	
(iv)Computer	Any Graduate	F (1) Post	
(3)Procurement			
(i) Asst;Manager	MBA/DMA	M/F (3) Posts	
(ii)Executive	B.E/AGTI(Mech;)	M/F (1) Post	
(iii)Executive	B.E/AGTI(EP)	M/F (1) Post	
(iv)Executive	Any Graduate	M/F(1) Post	
(4) Admin Department			
(i)Asst; Manager	Any Graduate	M (1) Post	

All positions require a good command of both spoken & written English and Computer literate as compulsory.

For(1-i)At least 2 Yrs experience in Marketing for Earth Moving Equipments.

To be attached with C.V details of experience, qualifications,age, contact telephone number with recent photograph, labour registration card and recommendation of good characters & free from criminal record by 23rd February 2004 lastest attention to **" Manager, Admin Department, 22(A), Kaba Aye Pagoda Road, Bahan Township, Yangon."**

Please contact the following Telephone Number within 26 February to 27 February 2004 for personal interview. **Ph No.542711, 543443, 541533 Ext:(0,34)**

မွေးနေ့မင်္ဂလာဆုမြတ်မွန်

၉-၂-၂၀၀၄နေ့တွင် ကျရောက်သော ဇနီး**မိစု**၏ မွေးနေ့မင်္ဂလာနှစ်ပတ်လည်မှသည် နောင်နှစ်ပေါင်းများစွာ တိုင်အောင် ချစ်သောမိသားစုနှင့်အတူ ကျန်းမာ၊ ပျော်ရွှင်ချမ်းမြေ့သော ဘဝခရီးကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက်---။

ခင်ပွန်း

ချစ်သားသမီးများ-အိနှင်း၊ ဇေယျာ၊ ဝင့်ဝင့်ကြွယ်။

မွေးနေ့ဆုတောင်း

၉-၂-၂၀၀၄နေ့တွင် ကျရောက်သောချစ်သူငယ်ချင်း **အေးမြင့်မြတ်ထွန်း** ရဲ့ (၂၉)နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်(၁၂၀)တိုင်အောင် မိသားစု၊ ချစ်သူငယ်ချင်းများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့သော ဘဝကို ပိုင်ဆိုင်နိုင်ပါစေ။

နန္ဒာ၊ မြတ်စု၊ ခိုင်ခိုင်၊ ဆင့်ဆင့်၊ နွယ်နီ၊ ဆွေခိုင်၊ အေးစမ်း၊ အိ၊ ဆွေသန်း၊ ကိုကျော်ဌေး၊ နေလင်းထွန်း

Engineering Maths M 2 (Y.U).

GRACE TRAINING AND SERVICE CENTRE

16.2.04 ... ☎ 707956

Yan Aung

MYANMAR RYOKO

(၃၂)နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ **ဦးမောင်နီ** (B.A, HGP) နှင့် ချစ်မေမေ **ဒေါ်လှဝင်း (ရွှေစကြာဆန်နှင့်ဂုန်နီအိတ်ရောင်းဝယ်ရေး၊ မော်လမြိုင်)** တို့၏ ၉-၂-၂၀၀၄နေ့တွင် ကျရောက်သော (၃၂)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း များစွာတိုင် ချစ်သော မိသားစုနှင့်အတူ အေးချမ်းသာယာ ပြည့်စုံသောဘဝကို အတူတကွ လျှောက်လှမ်းနိုင်ပြီး ယခုထက်ပို၍ သာသနာပြုနိုင်ပါစေဟု ဆုမွန်ကောင်းများတောင်းလျက်---။

ချစ်သမီးများ-

-မနီနီအေး M.Sc QII (Phy:)၊ ကိုအေးရွှေ B.Sc(Bot)
(ရတနာပုံလယ်ယာသုံးပစ္စည်းရောင်းဝယ်ရေး၊ ပဲခူးမြို့)

-Dr ခင်စန်းအေး M.B.,B.S (Ygn) လက်ထောက်ဆရာဝန်၊ မ/ဥက္ကလာပဆေးရုံကြီး

-မသီတာအေး M.C Tech (U.C.S.M)

ချစ်သားငယ်-

ဇေယျာဝင်း Maine Engineering Cadet (CE/27), (LM.T) Final Year (Eco) (M.U)

ချစ်မြေးများ- ဆိုနီယာ၊ စင်သီယာ၊ ဂျူလီယာ။

စေ့စပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ဗိုလ်ဆွန်ပက်လမ်း၊
(၃၉/ခ)ရပ်ကွက်၊ အိမ်အမှတ်(၃၆၂)နေ
ဦးနေသွေး(ဆည်မြောင်းဦးစီးဌာနမှူး-ငြိမ်း)-ဒေါ်တင်တင်မြင့်
(ရွှေပြည့်စုံ) တို့၏သားကြီး

ဗိုလ်ကြီးကျော်ဇောဦး (B.A. Myanmar)

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံတန်း၊
ခေတ္တာလမ်း၊ အမှတ်(ဈ/၂၇-က)နေ
ဦးတင့်(ဦးစီးအရာရှိ-ငြိမ်း၊ သ/မ)-ဒေါ်ခင်အုန်းမြင့်
(ဌာနဦးစီး-ငြိမ်း၊ သ/မ) တို့၏တစ်ဦးတည်းသောသမီး

မခိုင်မြင့်ဝေ (B.Sc. Botany - Hons;)

တို့၏ ၇-၂-၂၀၀၄ရက် Sedona Hotel ၌ ကျင်းပပြုလုပ်သော စေ့စပ်မင်္ဂလာပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီးအားလည်းကောင်း၊ စေ့စပ်လက်စွပ် ချီးမြှင့်ပေးပါသော ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဇနီးအားလည်းကောင်း၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဗိုလ်မှူးစိုးမြင့်ဦး(ငြိမ်း) [လက်ထောက်ဌာနမှူး၊ ရန်ကုန်မြို့တော်စည်ပင်] တို့အားလည်းကောင်း၊ စေ့စပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသော ဧည့်ပရိသတ်များအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးကျော်ဇောဦး-မခိုင်မြင့်ဝေ။

အမည်ပြောင်းခြင်း

ဦးဘိုသိန်း၏သမီး စောအိအိထွေး မှတ်ပုံတင်အမှတ်[၁၃/ကတန(နိုင်)၀၈၅၂၃၄]အား မအေးသဥ္ဇာကျော်ဟု ပြောင်းလဲခေါ်ပါရန်။

မအေးသဥ္ဇာကျော်။

အမည်ပြောင်းခြင်း

ဦးဝင်းနိုင်၏သား မောင်ပြည့်စုံကောင်းထက်ကျော် (IXA) အထက(၁) ဒေးဒရဲအား မောင်မင်းဆက်ဟုလည်းကောင်း၊ အလတ်ပိုင်း အမက IIIမှ မောင်ဖြိုးထက်အာကာကျော်အား မောင်မျိုးဆက်ဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

အမွေပြတ်စွန့်လွှတ်ခြင်း

မောင်စစ်နေမင်း [၇/ပခန(နိုင်)၁၇၄၀၃၈]သည် မိခင်အား အကြိမ်ကြိမ်သည်းမခံနိုင်အောင် စော်ကားသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝသည် ကျွန်မနှင့်လုံးဝ မသက်ဆိုင်ပါကြောင်း။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
ဒေါ်ကျင်ရှူး
[၇/ပခန(နိုင်)၁၇၄၀၄၀]

IMAGE *Beauty Saloon*

5% to 20% Off (29.2.04) ထိသာ ... Booking

Daily Open 9:30 am to 8:00 pm

DNH Tower
272,Pyay Road,
Room 001,004
Myanigone,
Sanchaung Tsp.
Ygn;Myanmar.
☎ : 708334,
: 09 99 23661

TV-VIDEO

☎ 545937

Mastiff နှင့် Rottweiler

ခွေးရောင်းရန်

Old English Mastiff အဖြစ်လူသိများသော လိမ္မာယဉ်ကျေး အသိဉာဏ်မြင့်မား၍ အမြင့်၃၂လက်မထိကြီးမားသောခွေးကြီးမျိုး (Import) မှ ပေါက်သောသုံးလသား Mastiff သားပေါက်လေးများနှင့် စံချိန်မီ Rottweiler (Import) အထီး၊ အမမှ ပေါက်သော ကျန်းမာသန်စွမ်းသော (၂)လသား Rottweiler သားပေါက်လေးများ ဦးရာလူရောင်းမည်။

အမှတ်(၁၁၉၆)၊ ခ/၁လမ်း၊
အင်းစိန်မြို့သစ်။

NEW MOTION TRAVELS CO., LTD.



Ph : 725 799, 537 024

Tour Guide

စေတနာရှင်

379528

ROYAL ARROW CAR RENTAL

211485, 212193

RUBY Car Rental
725317, 650823

SILTA

Pre-school (Age 3 ~ 5)

Summer Course (Age 5 ~ 15)

**Discount offered until 15 Feb.*

No. 220 - 222, Botahtaung Pagoda Rd. Pazundaung T/S. Yangon.

Tel: (01) 294397 *E-mail: silta@mptmail.net.mm*

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
လေလံကြော်ငြာ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွက် ကော်မတီပိုင်လုပ်ငန်းများကို ဈေးပြိုင်စနစ်ဖြင့် လေလံတင်အငှားချထားခြင်းနှင့် ကော်မတီပိုင်ပစ္စည်းများ လေလံတင်ရောင်းချခြင်းကို ယှဉ်တွဲဖော်ပြပါ နေ့ရက်များတွင် မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

စဉ်	လုပ်ငန်း/ပစ္စည်းအမျိုးအစား	လေလံပွဲကျင်းပမည့်	
		နေ့ရက်	အချိန်
၁	အခွန်ဌာနမှ လိုင်စင်ရ ပုဂ္ဂလိကငွေချေးလုပ်ငန်းများ၊ တန်ပိုကြေးကောက်ခံမှုလုပ်ငန်းများ၊ ငမိုးရိပ်တံတားဖြတ်သန်းခကောက်ခံမှုလုပ်ငန်း၊ သိမ်ဖြူယာဉ်မောင်းသင်ကွင်း ယာဉ်ဝင်ခနှင့်လေ့ကျင့်ကြေးကောက်ခံမှုလုပ်ငန်း၊ စော်ဘွားကြီးကုန်း၊ အောင်မင်္ဂလာ၊ ဒဂုံ-ဧရာ အဝေးပြေးယာဉ်ရပ်နားစခန်းယာဉ်ဝင်ခနှင့် ညအိပ်ခွန်ကောက်ခံခြင်းလုပ်ငန်းများ၊ ယာဉ်ရောင်းဝယ်ရေးစခန်းများရှိ ယာဉ်ဝင်ခနှင့်ညအိပ်ခွန်ကောက်ခံခြင်းလုပ်ငန်း၊ မင်းဓမ္မလမ်းယာဉ်ရပ်နားခကောက်ခံခြင်းလုပ်ငန်းများ၊ စော်ဘွားကြီးကုန်း၊ ဘုရင့်နောင်စခန်းဝင်းရှိ ရေချိုး၊ သန့်စင်ခန်းလုပ်ငန်းများ၊ ယာယီစုပုံလုပ်ငန်းဆောင်ရွက်ရန် မြေကွက်အငှားချထားခြင်းနှင့် ကူးတို့လုပ်ငန်းများ၊	၁-၃-၂၀၀၄ (တနင်္လာနေ့)	၀၉:၀၀
၂	အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှ ကန့်သတ်ဇုန်နှင့်ကန့်သတ်နေရာများအတွက် ယာဉ်ရပ်နားခ ကောက်ခံခြင်းလုပ်ငန်းများ၊	၃-၃-၂၀၀၄ (ဗုဒ္ဓဟူးနေ့)	၀၉:၀၀
၃	ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ပန်းခြံဝင်ငွေရလုပ်ငန်းများ၊	။	။
၄	ဈေးများဌာနမှ သန့်စင်ခန်းနှင့် ယာဉ်ရပ်နားခကောက်ခံခြင်းလုပ်ငန်းများ၊	။	။
၅	ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနမှ သန့်စင်ခန်းများ၊ ဆိုင်ခန်းများ အငှားချထားခြင်းနှင့် ခဝါရုံလုပ်ငန်း၊	။	။
၆	မြို့တော်ဂေါက်ကွင်းရှိ စားသောက်ဆိုင်များ၊ လူသုံးကုန်ဆိုင်ခန်းများ အငှားချထားခြင်း၊	။	။
၇	ဈေးများဌာနမှ ဘုရင့်နောင်ဈေး နှစ်ထပ်ရုံဆိုင်ခန်းများ ရောင်းချခြင်း၊	၄-၃-၂၀၀၄ (ကြာသပတေးနေ့)	၀၉:၀၀
၈	အခွန်ဌာနမှ ဒဂုံ-ဧရာပွဲရုံနှင့်အဝေးပြေးဆိုင်ခန်းများ၊ ကျိုက္ကဆံယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးစခန်းမှ ဆိုင်ခန်းများ၊ ဒဂုံမြို့သစ်(တောင်ပိုင်း) အမှတ်(၃)စီးပွားရေးဖွံ့ဖြိုးမှုဇုန်မှ ဆိုင်ခန်းများ ရောင်းချခြင်း၊		
၉	ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနမှ အမှိုက်သိမ်းယာဉ်ကိုယ်ထည်နောက်ပိုင်းများ၊ Tractor များ ရောင်းချခြင်း၊	။	။
၁၀	အနေးယာဉ်ဆိုက်ကား ပစ္စည်းဟောင်းများ၊ စက်ဘီး၊ မြက်ဖြတ်စက်အဟောင်းများ၊ တာယာအသစ်များ၊ တာယာအဟောင်းများ၊ (၂)ပေမီးချောင်း၊ (၄)ပေမီးချောင်းနှင့်ဖရိန်အဟောင်းများ၊ လမ်းအချက်ပြမီးအဟောင်းများ၊ ပိတ်စအဟောင်းများ၊ ပရိဘောဂအပျက်များ၊ မီးသတ်ဆေးဘူးအခွံများ၊Tryton Joint Lubrieant နှင့် Black Varnish များ၊ မီးစလောင်းဟောင်းများ၊ ရေပန့်အဟောင်း၊ ဘာဂီသုံးဘတ္တရီအိုးဟောင်းများ၊ ဘတ္တရီအိုးများ၊ ပလတ်စတစ်ထိုင်ခုံနှင့် ပလတ်စတစ် ပစ္စည်းများ၊ အမှိုက်ပုံးများ၊ မီးဖိုများ၊ ခေါက်စားပွဲများ၊ ထီးဒေါက်အမိုးများ၊ လက်တွန်းလှည်းပျက်၊ ကွမ်းယာခုံ၊ သစ်သားရေခဲခြစ်ခုံများ၊ ရေခဲပုံး၊ ရေပုံး၊ ဖန်ခွက်များ၊ စတီးပန်းကန်ပြား၊ ဇလုံ၊ ကြွေပန်းကန်များ၊ လင်ဗန်းများ၊ ပိုက်ဆက်ပစ္စည်းများ၊ ဝက်အူမျိုးစုံ၊ ကတ္တရာပုံးခွံ(ကတ္တရာပြား)၊ ကိုးစ်လပ်ပုံးခွံများ၊ Printer နှင့် မိတ္တူကူးစက်ဟောင်းများ၊	။	။

လေလံလျှောက်လွှာပုံစံများနှင့် စည်းကမ်းချက်များကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ခန်းမအနီးရှိ ဆယ်ထပ်ရုံး[အင်ဂျင်နီယာဌာန(အဆောက်အအုံ)] ပဉ္စမထပ်တွင် ရုံးချိန်အတွင်း ဝယ်ယူ လျှောက်ထားနိုင်ပါသည်။ လေလံလျှောက်လွှာပိတ်ရက်မှာ ၂၇-၂-၂၀၀၄(သောကြာနေ့) ဖြစ်ပါသည်။ အသေးစိတ် အချက်အလက်များ သိရှိလိုပါက အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ဖုန်း-၂၄၉၅၂၅၊ ၂၄၈၁၁၂- လိုင်းခွဲ(၂၇၉) သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့။

ယတြာ(ပေါင်းချုပ်)

IDCS

☑ IDCS ပြီးပါက ဒုတိယနှစ် IADCS နှင့် တတိယနှစ် BCIS ကို LONDON Metropolitan University မှ ချီးမြှင့်မည့် ဒီကရီကို ရရှိပါမည်။

(Best Arrangement To Best Quality)

ဝန်ထမ်းအလိုရှိသည်(ပြည်တွင်း၌သာခန့်ထားရန်)

(1) B.E(or)A.G.T.I(Civil or Archi) ကျား/မ (၅) ဦး

(2) Designer (Interior Decoration) ကျား/မ (၅) ဦး

အမှတ်စဉ်(၁)နှင့်(၂)အတွက်

- Auto CAD ကျွမ်းကျင်ရမည်။
- Excel အသုံးပြုနိုင်ရမည်။
- ပြင်ပတွင်သွားရောက်တိုင်းတာနိုင်ရမည်။

(3)Marketing ကျား/မ (၅) ဦး

ရာထူးအားလုံးအတွက် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၂)နှစ်ရှိရမည်။ လျှောက်ထားလိုသူများသည် ပညာအရည်အချင်း အထောက်အထားမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံ(၂)ပုံနှင့်အတူ ကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း အောက်ပါလိပ်စာသို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

အမှတ်(၆၆)၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေးအခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်း သက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီ အတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂။

ခင်ဆွေဦး

ထွက်ပါပြီ

ဝင်းဇော် (သစ်တော)

နှလုံးလမ်းကြောင်းမှာ ကျွန်းပါသူများအကြောင်း

09-5003646,

☎: 382323, 382337, 251230, 681310, 728282, 660283, 02 - 80227

NPE **NPE**

စာပေချစ်ခင်နှစ်သက်သူများအတွက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်

- [illegible]
- [illegible]
- [illegible]
- [illegible]
- [illegible]
- ရှမ်းနန်းရာဇဝင် (ပ+ဒု+တတိယတွဲ)
- [illegible]
- [illegible]
- [illegible]
- [illegible]
- [illegible]
- [illegible]
- [illegible]
- အီရတ်စစ်မြေပြင်၊ မငြိမ်းချမ်းသောအီရတ်စစ်မြေပြင်
- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ထုတ်စာအုပ်စဉ်
- [illegible]

[illegible]

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်
(၂၁၂) သိမ်ဖြူလမ်း ရန်ကုန်မြို့။
☎ ၂၉၄၃၀၆

တိုင်းတစ်ပါးကျူးကျော်မှုဒဏ်ကို ခံစားနေရသော အီရတ်ပြည်သူများ၏ အနိဋ္ဌာရုံများ အီရတ်စစ်မြေပြင်၊ မငြိမ်းချမ်းသောအီရတ်စစ်မြေပြင် စာအုပ်များ၏ နောက်ဆက်တွဲ နောက်ဆုံးဖြစ်ရပ်များ။

ထွက်ပြီ

- သတင်းနှင့် စာနယ်ဇင်းစာအုပ်ဆိုင် အမှတ်-၂၁၂၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။
- ကြေးမုံသတင်းစာတိုက် အမှတ်-၇၇၊ ၅၂လမ်း ရန်ကုန်မြို့တို့တွင် ရရှိနိုင်သည်။



TRAVELS & TOURS
PH : 296911, 293294

ဘုရား၊ ရဟန်း၊ သိမ်ကျောင်း ဒါယကာကြီး

ဦးစိုးမြင့်(ဖျာပုံ)
အသက်(၈၆)နှစ်

ဖျာပုံမြို့ (ဦးထွန်း-ဒေါ်ပန်းအိ)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ အမှတ်(၁၁၇)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်နေ (ဒေါ်မြမြကြီး)၏ ချစ်လှစွာသော ခင်ပွန်း၊ (ဦးမောင်မောင်ကျော်ဝင်း-ဒေါ်စိန်သန်း)တို့၏ မောင်၊ (ဦးဘရှမ်း-ဒေါ်ခင်ပြုံးထွန်း)၊ ဦးကျော်စိုး-(ဒေါ်ရီရီထွန်း)၊ ဦးလှအောင်၊ ဒေါ်မြမြထွန်း၊ ဒေါက်တာဦးလှသိန်း-(ဒေါ်လှလှထွန်း)၊ဦးကျော်ရှိန်၊ ဒေါ်မြိုင်မြိုင်ထွန်း၊ ဦးတင်မောင်ထွန်း-ဒေါ်သီတာထွန်း၊ (ဒေါ်ရှင်မင်းထွန်း)၊ ဦးကျော်ဝင်း-ဒေါ်သောင်းသောင်း၊ ဦးမောင်မောင်လွင်-ဒေါ်ခင်အေးသန်းတို့၏ အစ်ကိုကြီးသည် ၈-၂-၂၀၀၄ရက် နံနက်၈း၁၀နာရီတွင် အထက်ပါနေအိမ်တွင်ကွယ်လွန်သွားပါ၍ ၁၂-၂-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ဝိမလ
သိက္ခာတော်(၃၁)ဝါ၊ သက်တော်(၈၂)နှစ်

ပဲခူးတိုင်း၊ ဝေါမြို့နယ်၊ အဗျားဘိုတဲရွာ၊ ဘုရားလေး ကမ္မဋ္ဌာန်းကျောင်းတိုက်တွင် သီတင်းသုံးတော်မူသော ကျေးဇူးတော်ရှင်ဘဒ္ဒန္တ ဝိမလဆရာတော်ကြီးသည် (၁၃၆၅ခုနှစ်၊ တပို့တွဲလဆန်း၁၂ရက်) ၂-၂-၂၀၀၄ (တနင်္လာနေ့) ညနေ ၇း၄၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဆရာတော်၏ ဥတုဇရုပ် ကလာပ်တော်အား တပို့တွဲလပြည့်ကျော်၅ရက်၊ ၁၀-၂-၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိဈာပနသာဓုကီဠနသဘင် ဆင်ယင် ကျင်းပမည်ဖြစ်ပါ၍ အဗျားဘိုတဲဘုရားလေးကမ္မဋ္ဌာန်း ကျောင်းသို့ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

တပည့် ဒါယကာ၊ ဒါယိကာမများနှင့် အကျိုးတော်ဆောင်အဖွဲ့။

ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးအုန်းလှိုင်(၉၃)နှစ်

(မော်လမြိုင်၊ လှည်းကူး)

ရန်ကုန်တိုင်း၊လှည်းကူးမြို့၊ ရွှေဘုံသာလမ်းနေ (ဒေါ်အေးခင်)၊ (ဦးဟိရာ-ဒေါ်ရှုကြူ)တို့၏ သား၊ (ဒေါ်သန်းမြ)၏ ခင်ပွန်း၊ ဒေါ်အုန်းရင်၏ အစ်ကို၊ (ဒေါက်တာဦးလှထွန်း)-ဒေါ်သိန်းငွေ (အထက-၁၊ လမ်းမတော်)၊ ဦးထွန်းရွှေ (RIT) -(ဒေါ်ရီရီလှ)တို့၏မွေးသဖခင်၊ ဦးအေးကျော်-ဒေါ်တင်အုန်း(အလက၊ မြို့မ)၊ ဦးအေးကြူ(ဈေးကြီးရပ်ကွက် အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ) - ဒေါ်တင်တင်မြင့်၊ ဒေါ်လှလှရွှေ၊ ဦးသိန်းထွန်း-ဒေါ်အေးအေး၊ ဒေါ်ထားထားရီ၊ ဦးကျော်ငွေ တို့၏ဘဘ၊ ဒေါက်တာအောင်ကျော်မိုး-မနီလာထွန်းနှင့် မြေးခုနစ်ယောက်တို့၏ ဘိုးဘိုးသည် ၈-၂-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၀-၂-၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ၁နာရီတွင် လှည်းကူးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌ အိပ်ပျော်ခြင်း

ဆရာမကြီးဒေါ်မှီ
အသက်(၉၀)

(ဝါးခယ်မကျောင်းအုပ်ဟောင်း)
(ပြည်)

(သိက္ခာတော်ရဆရာ ဦးထွန်း-ဒေါ်ကြင်)တို့၏သမီး ဆရာမကြီး ဒေါ်မှီသည် ၈-၂-၂၀၀၄ရက် နံနက် ၂း၄၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၀-၂-၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင်ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်ကျောင်း၊ဒါယကာကြီး

ဦးစိုးမြင့်(၈၆)နှစ်

(ဖျာပုံ)

ဖျာပုံမြို့ (ဦးထွန်း-ဒေါ်ပန်းအိ)တို့၏ သားကြီး၊ (ဦးမောင်ကြီး-ဒေါ်သိန်း)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၁၁၇) တက္ကသိုလ်ရိပ်သာလမ်း၊ကမာရွတ်မြို့နယ်နေ (ဒေါ်မြမြကြီး)၏ ချစ်လှစွာသော ခင်ပွန်း၊ (ဦးသိန်းလွင်)-ဒေါ်သီတာမြင့်၊ ပါမောက္ခ ဒုတိယဗိုလ်မှူးကြီး ညဏ်ထိန်လင်း(အမှတ်-၂၊တပ်မတော်ဆေးရုံ)-ဒေါက်တာစန္ဒာမြင့်၊ ကပ္ပတိန်မော်ဦးမြင့် (LIZSTAR COMPANY)-ဒေါ်မို့မို့အောင်၊ ဦးကျော်ဦးမြင့်၊ ဦးမြင့်သိန်းထွန်း၊ ဒေါ်မာလာမြင့်တို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး၊ ဇင်နွယ်လင်း (M.Sc,Oxford)သဥ္ဇာသိန်းလွင် (Final Pant II,IM-I,)၊ ဝေမာလင်း (3rd M.B. IM-I)၊ မေသူမြင့် (Final English)၊ မြင့်သူထွန်း (2nd MB,IM)၊ မိုးဆက်မြင့်၊ စိုပြေထွန်းတို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၈-၂-၂၀၀၄ (တနင်္ဂနွေနေ့)နံနက် ၈း၁၀နာရီတွင် အထက်ပါနေအိမ်တွင် ကွယ်လွန်ပါ၍ ၁၂-၂-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

ဦးကျော်ညွန့်(ခ)
အာမက်ကဗီး(လ်)
အသက်(၅၉)နှစ်

M.P.P.E (ငြိမ်း)
(မော်လမြိုင်)

မော်လမြိုင်မြို့၊ဒိုင်ဝန်ကွင်း၊ ဝါးတန်းရပ်၊ ကရင်ကျောင်းလမ်း၊ အမှတ်(၇)နေ (ဦးဖေသောင်း - ဒေါ်နှင်းအေး)တို့၏ တစ်ဦးတည်းသောသား၊ဒေါ်ခင်သန်းနွယ် (KTN ထင်း၊ မီးသွေးရောင်းဝယ်ရေး) ၏ခင်ပွန်း၊ မစိုးစိုးနွယ်(B.Sc. Bot)၊ မသီတာနွယ်၊ မောင်အောင်မျိုးညွန့် (1st Year Hist)၊ မနီလာညွန့် (2nd Year Geol)၊ မောင်ဝေဖြိုးကျော်တို့၏ ဖခင်၊ မထက်နန္ဒာအိတို့၏ အဘိုးဦးကျော်ညွန့်သည် ၇-၂-၂၀၀၄ရက် ညနေတွင် အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၈-၂-၂၀၀၄ ရက် ဇဟိုရ်နမာဇ်အပြီးတွင် ရေဝေးကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင် (၅၉)နှစ်

ကျောင်းအုပ်ဆရာမကြီး
အထက၊ ဆိပ်ကြီးခနောင်တို
(မြိတ်)

မြိတ်မြို့၊ ဈေးတန်းရပ်၊ ဈေးဟောင်းလမ်းနေ (ဦးငွေညွန့်-ဒေါ်စောရီ)တို့၏ သမီး၊ အလုံမြို့နယ်၊ နှင်းဆီကုန်းလမ်း၊ အမှတ်(၃၁)၊(ပထမထပ်)နေ ဦးခင်မောင်ညို(အထပြ၊ငြိမ်း)၏ ဇနီး၊ ဦးခင်ဝေ-ဒေါ်အေးအေးသီ၊ ဒေါ်အေးအေးသီ၊ ဦးအောင်ချစ်(R/O)-ဒေါ်လှလှဝေ၊ ဦးဝေကြူ-ဒေါ်အေးအေးမာ၊ ဦးငွေအောင် တို့၏ အစ်မကြီး၊ မောင်ညိုမင်းသက်(2nd Mate M.T.M Co., Ltd)၊ မညိုဝင်းလဲ့ (ကျိုက်ထိုဟိုတယ်)၊ မောင်ညိုမိုးသက် တို့၏ မိခင်ကြီး၊ တူ၊ တူမ ရှစ်ယောက်တို့၏ ကြီးကြီး ဒေါ်တင်တင်သည် ၇-၂-၂၀၀၄(စနေနေ့) ညနေ ၃း၁၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း(S.S.C) တွင် ကွယ်လွန်ပါ၍ ၁၁-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်း၊ဒါယိကာမ

မိုးမိုး(ခ)မမိုးမိုးဝင်း(၃၅)နှစ်

ဖောင်တော်သီ

ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီမြို့၊ အောင်မင်္ဂလာလမ်းနေ (ဦးသိန်းလှိုင်)-ဒေါ်မြနုတို့၏ သမီးထွေး ရန်ကုန်မြို့နေ ဦးစောလွင်-ဒေါ်တင်တင်ဝင်း၊ ပဲခူးမြို့နေ ဦးတင်ဦး-ဒေါ်ခင်ခင်ဝင်း၊ ဖောင်တော်သီမြို့နေမဘောဘီ၊ကိုဇော်ဝင်းလှိုင်(သတင်းစာကိုယ်စားလှယ်)၊ ကိုမြင့်ဝင်းလှိုင် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး)-မစုစုနွယ်၊ မညိုညိုဝင်း(အလက၊ မင်္ဂလွန်း) ကိုခင်ဦး - မယဉ်သူဇာ(မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ဒိုက်ဦးမြို့)တို့၏ ညီမလေး၊ တူ/တူမ ၁၂ယောက်တို့၏ အဒေါ်သည် ၇-၂-၂၀၀၄(စနေနေ့) နံနက်တွင် ကွယ်လွန်သွားပါ၍ ၉-၂-၂၀၀၄ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှဖောင်တော်သီ သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ကိုစိုးနိုင်(၃၃)နှစ်

A.G.T.I(E.P)
Hotel Nikko (Engineering Section)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စဥ့်ဌာ ရပ်ကွက်၊(၅)ခန်းတွဲ၊ (၂)လမ်း၊ အဆောင်(၂)နေ ဦးတင်ငွေ-ဒေါ်တင်မြတို့၏ သား၊ (ကိုအောင်သင်းကြိုင်)-မသန်းငွေ၊ ကိုစိန်ဝင်း(သတ္တုတွင်း၊ ဘ-ခ-ရ၊လွန်တူးအင်ဂျင်နီယာဌာန)-မအေးအေးမော် (ဖော့ကန်ဈေး)၊ (ကိုလှမင်း)တို့၏ ညီ၊ ကိုခင်မောင်စိုး-မကြည်ကြည်စိုးတို့၏ အစ်ကို၊ မောင်သန့်ဇင်ဖြိုး၊ မောင်ပြည့်ဖြိုးကျော်၊ မောင်ကြည်စိုးထွန်း(ခ)ပုတုတို့၏ ဦးလေးသည် ၅-၂-၂၀၀၄ရက် နံနက် ၉နာရီတွင် ထန်းတပင်အဆုတ်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ရဟန်း၊ဒါယကာကြီး

ဦးအုန်းကြည် (၈၃)နှစ်

ချမ်းမြေ့အောင်သစ်သီးရောင်းဝယ်ရေးပွဲရုံ
(သီရိမင်္ဂလာဈေး)

မော်လမြိုင်မြို့နေ (ဦးစံလွင်-ဒေါ်သန်းတင်)တို့၏ သား၊ (ဒေါ်မေရီ)၏ခင်ပွန်း၊ ဦးကျော်တိုး-ဒေါ်ကျင်ငွေ၊ ဒေါ်သန်းဝေ၊ ဦးစိုးလွင်-ဒေါ်ညွန့်ဝေတို့၏ ဖခင်၊ မောင်မျိုးဝင့်စိုး၊ မအိသက်မွန်၊ မောင်ဇော်မျိုးထွန်း၊ မနန္ဒာအေး၊ မသီရိလှိုင်တို့၏ အဘိုးသည် ၇-၂-၂၀၀၄ရက် နံနက် ၆း၄၅နာရီတွင် တိုက်ကြီးမြို့၊ သီဟိုဠ်သရက်ခြံနေအိမ်၌ ကွယ်လွန်သွားပါ၍ ၉-၂-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ တိုက်ကြီးမြို့သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးကျော်ရှိန် (၆၂)နှစ်

(ဦးလှတင်-ဒေါ်အေးမေ)တို့၏သား၊ (ဦးလှမောင် - ဒေါ်အေးမြင့်) တို့၏ သမက်၊ ဒေါ်သန်းညွန့်၏ မောင်၊ ဒေါ်ခင်ကြွေ(ကျောင်းအုပ်၊ အမက-၂၅၊ မရမ်းကုန်း)၏ ခင်ပွန်း၊ ဦးဇော်မင်းရှိန်-ဒေါ်သင်းသင်းစိုး၊ ဦးညီလွင်စိုး-ဒေါ်ယဉ်ညိုရှိန်၊ ကိုအောင်မင်းထိုက်-မဥမ္မာရှိန်၊ ကိုစိုးလှိုင်ရှိန်(ခ)ထူးအယ်လင်း-နော်ချူးမူးဖော်(ခ)မမီးမီးခဲ၊ ဒေါ်စန္ဒာဝင်းရှိန် (နတ်စင်ကုန်းအထက)၊ ဒေါ်စန္ဒာလင်းရှိန်(နတ်စင်ကုန်း၊အထက)၊မောင်အောင်ဖြိုးရှိန်၊ မောင်ဖြိုးကိုကိုရှိန်တို့၏ မွေးသဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၇-၂-၂၀၀၄ (စနေနေ့)တွင် ကွယ်လွန်သွားပါ၍ ၉-၂-၂၀၀၄ (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသိန်းနု (၅၈)နှစ်

B.A (Law) LL.B
ဥပဒေအရာရှိအဆင့်(၁) (ငြိမ်း)
တရားရုံးချုပ်ရှေ့နေ
(စစ်တွေ)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(၉)၊ အခန်း(၃၆)နေ (ဦးကောင်းစံဦး)၊ (ဒေါ်မြသံဒါ)တို့၏ သားကြီး၊(ဦးရွှေစောဖြူ)-ဒေါ်ကျော့စိန်တို့၏ သားသမက်၊ ဦးဘသိန်းဇံ(မြန်မာ့သစ်လုပ်ငန်း)၊ ဦးသိန်းထွန်းအောင် (Chief Officer) - ဒေါ်လှမေတို့၏ အစ်ကိုကြီး၊ ဒေါ်သိန်းနွဲ့(တရားရုံးချုပ်ရှေ့နေ)၏ ခင်ပွန်း၊ ဒေါ်ဝေနုစံ(နည်းပြ၊ ကိုရီးယားဘာသာဌာန၊ မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်)၊ မောင်ထွန်းမင်း(2nd Year Law-UDE)တို့၏ ချစ်လှစွာသော ဖခင်သည် ၇-၂-၂၀၀၄ရက် မွန်းလွဲ ၁၂း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၂-၂၀၀၄ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှ ကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအောင်သူလတ်
(အောင်အောင်)
အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၂၉)ရပ်ကွက်၊ အောင်သစ္စာ(၂)လမ်း၊ အမှတ်(၈၇၈)နေ ဦးတင်လပ်-ဒေါ်ဟန်ညွန့်တို့၏သား၊ ဦးမိုးသူ-ဒေါ်ခင်လွှမ်းမိုးတို့၏ညီ၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၂၈) ရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ အမှတ်(၇၄၆)နေ မဝင်းဝင်းနွယ်[M.Sc (First Year)၊ ဒဂုံတက္ကသိုလ်]၏ ခင်ပွန်း၊ (မောင်ကျော်ဇင်သန့်)၏ ဖခင် ဦးအောင်သူလတ်သည် ၇-၂-၂၀၀၄(စနေနေ့)တွင် ကွယ်လွန်သွားပါ၍ ၉-၂-၂၀၀၄ (တနင်္လာနေ့)တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးစိုးမြင့်(၈၆)နှစ်

M.E.I.C အငြိမ်းစား
(ဖျာပုံ)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ်(၁၁၇)နေ ဦးကျော်ဦးမြင့်(အတွင်းရေးမှူး) ကျောင်းအကျိုးတော်ဆောင်အဖွဲ့ အထက (၆)ဗိုလ်တထောင်(ယခင်စိန်ပေါလ်) ၏ ဖခင်သည် ၈-၂-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၂-၂-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(ကျောင်းအကျိုးတော်ဆောင်အဖွဲ့-အဖွဲ့ဝင်များ၊ အထက-၆၊ ဗိုလ်တထောင်မှ ဆရာ၊ ဆရာမများ၊ ကျောင်းသားဟောင်းများ လိုက်ပါပို့ဆောင်ကြပါရန်။)

ကျောင်းအကျိုးတော်ဆောင်အဖွဲ့။

ဦးကျင်တင်(ခ)အင်ကင်တင်
အသက်(၈၃)နှစ်

တိုက်ကြီးမြို့၊ ကျန့်တိတ်ဥက္ကဋ္ဌ
(တိုက်ကြီးမြို့နယ်အသင်းဝင်)

တိုက်ကြီးမြို့၊ မြို့လယ်လမ်း၊ အမှတ်(၄၀)နေ ဦးစွိရာ-ဒေါ်ဂေါ်ဘောက်(ခ)လော်ဘောက်ဂွမ်တို့၏ သား၊ ဦးအောင်ခင်-ဒေါ်လေဝါးတို့၏ အစ်ကို၊ ဦးအောင်စိုး-ဒေါ်လှလှမော်၊ ဦးမြင့်စိုး-ဒေါ်ရှုတင်၊ ဦးကျော်ဝင်း- ဒေါ်မာမာမြင့်၊ ဦးသန်းဇော်-ဒေါ်စန်းမြင့်၊ ဦးထင်ကျော်-ဒေါ်စန်းဝင်း၊ ဦးသန်းတိုး၊ ဦးစိုးဝင်း-ဒေါ်သင်းသင်းရီတို့၏ မွေးသဖခင်၊ မြေး၁၈ယောက်၏ အဘိုးသည် ၈-၂-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂-၂-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် တိုက်ကြီးမြို့ သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးတင်ဝင်း(၇၈)နှစ်

ချမ်းမြေ့မော်တယ်
ကလောမြို့

ကလောမြို့၊ အမှတ်(၅)ရပ်ကွက်၊ သီရိမင်္ဂလာလမ်းနေ (ဦးရှမ်းစင်-ဒေါ်တင်)တို့၏ သား၊ (ဒေါ်မကြီး)၏ ခင်ပွန်း၊ ဦးအေးသိန်း-ဒေါ်ညွန့်ညွန့်ဝင်း၊ (ဦးကျော်ဝင်း - ဒေါ်မြင့်မြင့်ဝင်း)၊ (ဦးဒေါက်ကလပ်)-ဒေါ်မိမိဝင်း၊ ဦးရဲကျော်-ဒေါ်မျိုးမျိုးဝင်း၊ ဒေါ်သန်းသန်းဝင်း၊ ဦးဆန်နီ-ဒေါ်ဥမ္မာအေး၊ ဒုတိယဗိုလ်မှူးကြီးကျော်သက်ထွန်း-ဒေါ်ကေသီဝင်း၊ ဦးစိုးမင်း-ဒေါ်ခင်လေးမူတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၇ယောက်၊ မြစ်ရှစ်ယောက်တို့၏ အဘိုးသည် ၈-၂-၂၀၀၄(တနင်္ဂနွေနေ့) နံနက် ၃း၀၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၂-၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ကလောမြို့ သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးအုံးရွှေ(အငြိမ်းစားဗိုလ်ကြီး)
အသက်(၇၃)နှစ်

လွတ်လပ်ရေးမော်ကွန်းဝင်
မအူပင်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၅)ရပ်ကွက်၊အဝေရာလမ်း၊အမှတ်(၁၄)နေ ဦးသာဗျော-ဒေါ်စောညွန့်တို့၏ သား၊ ဦးလှရင်-ဒေါ်စိန်မေတို့၏ သားသမက်၊ဒေါ်မြမြ၏ခင်ပွန်း၊ဒေါ်စန်းစန်းဦး၊ ဒေါ်ခင်အေးမော်၊ ဦးကျော်ကျော်ညွန့်-ဒေါ်တင်တင်အေး၊ ဦးခင်မောင်ညွန့်-ဒေါ်ခင်လေးမြင့်၊ ဒေါ်ငွေငွေကြွယ်၊ မောင်အောင်မျိုး၊ မောင်သိန်းဇော်၊ မောင်ထိန်လင်းတို့၏ ဖခင်၊ ဗိုလ်ကြီးဉာဏ်သိမ်းဦး၊ မောင်ငြိမ်းချမ်းဇော်၊ မဝင်းနီလာကျော်(အထက-၃၊ ဗဟန်း)၊ မောင်သန်းအေး(အလက-၂၊ဗဟန်း)၊ မောင်အောင်မြတ်ကို(အထက-၂၊ တ/ဥက္ကလာ)တို့၏ အဘိုးသည် ၈-၂-၂၀၀၄ ရက် မွန်းလွဲ ၂း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၀-၂-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးစောလွင် (၇၂)နှစ်

B.Sc(Engg) Civil;M.S.C.E(Mich)
ဒုတိယအင်ဂျင်နီယာချုပ်
(ရေအားလျှပ်စစ်)(ငြိမ်း)
အကြံပေးအရာရှိ(ငြိမ်း)၊ (စစ်တွေ)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ နှင်းဆီကုန်းလမ်း၊ အမှတ်(၃၆-A)နေ (ဦးဗျော့-ဒေါ်အေးရှင်)တို့၏ သား၊ ဦးလှရွှေ-ဒေါ်စန်းစန်းလွင်(ရှယ်လီ)တို့၏ အစ်ကို၊ မောင်နေလင်းအောင်၏ ဘကြီးသည် ၈-၂-၂၀၀၄(တနင်္ဂနွေနေ့) နံနက် ၆း၂၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၁၂-၂-၂၀၀၄(ကြာသပတေးနေ့) တွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (သဂြိုဟ်မည့်အချိန်အား ထပ်မံအကြောင်းကြားပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဦးစောလွင် (စစ်တွေ)
အသက်(၇၂)နှစ်

B.Sc(Engg)Civil;M.S.C.E(Mich;)
ဒုတိယ အင်ဂျင်နီယာချုပ် (ရေအားလျှပ်စစ်) (ငြိမ်း)
အကြံပေးအရာရှိ (ငြိမ်း)

ဒုတိယအင်ဂျင်နီယာချုပ် (ရေအားလျှပ်စစ်)(ငြိမ်း)၊ အကြံပေးအရာရှိ (ငြိမ်း) ဦးစောလွင် အသက်(၇၂)နှစ်သည် ၈-၂-၂၀၀၄ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ
ရေအားလျှပ်စစ်ဦးစီးဌာန။

မောင်ကိုးမောင်(၃၄)နှစ်

ချိန်ခွင်မိတ်ဆက်ဆီဆိုင်၊
လှိုင်သာယာဈေး၊ လှိုင်မြို့နယ်

အမှတ်(၂၉)၊ (၄၃)လမ်းနေ ဦးအေဝမ်း(ခ)ဦးမြတ်စိုး-ဒေါ်ရှုခင်(ချိန်ခွင်မိတ်ဆက်ဆီရောင်းဝယ်ရေး၊ညောင်ပင်လေးဈေးနှင့် ဘုရင့်နောင်ပွဲရုံ)တို့၏သားထွေး၊ ဦးအောင်ထူး-ဒေါ်ဆွေဆွေဝင်း၊ ဦးမောင်အေး-ဒေါ်ပြုံးပြုံးဝင်း၊ (ဦးလှဝင်းမောင်)-ဒေါ်သန်းသန်း၊ ဦးငွေမြင့်အောင်-ဒေါ်ဘေဘီ၊ ဦးကြီးမြင့်-ဒေါ်အေးအေးဝင်း၊ ဦးခင်မောင်မြင့်-ဒေါ်စန်းစန်းမြတ်တို့၏ညီ/မောင်၊ ဒေါ်စန်းစန်းရီ၊ ဒေါ်စန်းစန်းနုစ်တို့၏ မောင်၊ မခင်စိုးလေး၏ အစ်ကို၊ ဦးဟန်မြ-ဒေါ်ထွားရီ(မကျီးဇင်)တို့၏သားသမက်၊ တိုက်(၁၅)၊ အမှတ်(၁၀၆)၊ အေးရိပ်မွန်(၁)လမ်း၊ (၄) ရပ်ကွက်၊ လှိုင်မြို့နယ်နေ မခင်မာညို၏ ခင်ပွန်း၊ မမိုးချမ်းမြေ့ မောင်(မာလာမြိုင်မူကြို)၊ မောင်ဇေယျာအောင်တို့၏ ဖခင်သည် ၈-၂-၂၀၀၄ရက် နံနက်၆နာရီတွင် အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်ပါ၍ ၁၀-၂-၂၀၀၄ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထွေထွေရောဂါကု ဆေးရုံသစ်ကြီး အအေးတိုက်မှ ကားများ နံနက်၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးချိုထွန်း
အသက်(၄၁)နှစ်

B.A. (History)
စိန့်ပွန်းကျောင်းသားဟောင်း
(ကျိုက်လတ်)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပဒုမ္မာလမ်း၊ အမှတ်(၁၅)ငါးလွှာနေ (ဦးမြသိန်း၊ မော်ကွန်းဝင်တတိယဆင့် - ဒေါ်ကျင်)တို့၏ သားငယ်၊ ဦးစန်းမြင့်-ဒေါ်သန်းသန်းဝင်း၏ ညီ၊ မောင်အောင်မျိုးမြင့်-မသန်းသန်းဦး၊မအေးအေးသော်(တ-နှစ်၊ စီးပွားရေး)၊ မခင်ချိုဇင်(X-G၊ အထက ၂၊ စမ်းချောင်း)တို့၏ ချစ်လှစွာသော ဦးလေးသည်၇-၂-၂၀၀၄(စနေနေ့)နံနက် ၃း၃၅နာရီတွင် အာရှတော်ဝင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၉-၂-၂၀၀၄(တနင်္လာနေ့) မွန်းလွဲ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင် သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဦးဖူးလင်(ခ)လျူဖူးလင်
အသက်(၈၂)နှစ်

(ရွှေစားသောက်ဆိုင်၊ ဇီးကုန်း)

ပဲခူးတိုင်း၊ ဇီးကုန်းမြို့၊ ရုံးလမ်းနေ ဒေါ်ကျင်မြ၏ခင်ပွန်း၊ ဦးကျော်ဝင်း-ဒေါ်ခင်သန်းဦး၊ ဦးကံညွန့်-ဒေါ်ခင်မြင့်၊ ဦးသန်းရွှေ-ဒေါ်မြမြဝင်း၊ ဦးအောင်မောင်း-ဒေါ်ချိုချိုဆွေ၊ ဦးသန်းလွင်၊ ဦးမြသန်း-လင်စုမေ၊ ဦးထင်ကျော်ထွန်း-ဒေါ်ကေသီထွေးတို့၏ဖခင်၊ မြေး၁၀ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၈-၂-၂၀၀၄(တနင်္ဂနွေနေ့) နံနက်၁၁း၁၅နာရီတွင် တိုက်(၇၉၇)၊ အခန်း(ဘီ-၃၀၄)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ နေအိမ်တွင် ကွယ်လွန်ပါ၍ ၁၀-၂-၂၀၀၄ (အင်္ဂါနေ့) နံနက်၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(ကွယ်လွန်သူအားရည်စူး၍ ၁၄-၂-၂၀၀၄ရက်တွင် နံနက်၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်တွင် ရက်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက်၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်း၊ဒါယိကာမကြီး

ဒေါ်အေးအေးသွင်
အသက်(၅၃)နှစ်

မန္တလေးမြို့၊ အကွက်(၄၄)၊ ဒေါနပွားရပ်ကွက်၊ နန်းတော်ရှေ့၊ အောင်မြေသာဇံမြို့နယ်၊ ရန်ကုန်မြို့၊ အမှတ်(၄၃)၊ အောင်သိဒ္ဓိလမ်း၊ မရမ်းကုန်းမြို့နယ်နေ (ဦးကျင်ကြိုင် - ဒေါ်ကျင်စိန်)တို့၏ သမီးငယ်၊ (ဦးတုန်စိန်-ဒေါ်ဒေါ်ရှင်) တို့၏ သမီးချွေးမ၊ ဦးစိန်ဝင်း(ရွှေလရောင် ရေခဲစက်၊ ရွှေဥဩဂျုံစက်၊ မန္တလေး)၏ ချစ်လှစွာသောဇနီး၊ ဦးလင်း(ဥက္ကဋ္ဌ၊ ရသာချို စက်မှုလုပ်ငန်းလီမိတက်)-(ဒေါ်နုနုစိန်)တို့၏ ညီမ၊ ဒေါက်တာဇော်အောင် - ဒေါ်သူဇာထွန်းတို့၏ အစ်မ၊ မလဲ့ယုဝါ၏ ချစ်လှစွာသော မိခင်၊ ကိုဝေဖြိုးလင်း-မနွေဦးလွင်၊ မောင်သူဇော်၊ မောင်ခန့်ဇော်တို့၏ အဒေါ် ဒေါ်အေးအေးသွင်သည် ၈-၂-၂၀၀၄ (တနင်္ဂနွေနေ့) နံနက် ၇း၂၀ နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားပါ၍ ၁၀-၂-၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ကြာနီကန်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချီရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရွှေဘိုမြို့ ရွှေဘုံရတနာမင်္ဂလာနန်းတော် တည်ဆောက်ရေးစီမံကိန်းနှင့် ရေလှောင်တမံများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီ ၄ ရက် ညနေ ၅နာရီတွင် ရဟတ်ယာဉ်ဖြင့် ရွှေဘိုမြို့သို့ရောက်ရှိကြရာ အမှတ်(၃၃)ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ် တင်ထွန်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ရွှေဘုံရတနာမင်္ဂလာ နန်းတော်တည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ဦးသန်းထွန်း(ရွှေဘို)က ရွှေဘုံရတနာမင်္ဂလာနန်းတော် တည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ရွှေဘုံရတနာမင်္ဂလာနန်းတော် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် တတိယမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သော အလောင်းမင်းတရားကြီး ဦးအောင်ဇေယျရုပ်တုကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ရဟတ်ယာဉ်ဖြင့် ကန့်ဘလူမြို့သို့ရောက်ရှိကြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် **စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ☆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များ သဖန်းဆိပ်ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ၏ တာဘိုင်များနှင့် ထိန်းချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကြစဉ်။

(သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်းများအားလုံး နိုင်ငံတော်အစိုးရ၏ ဖြူစင်သော စေတနာကို ပြည်သူများ သိမြင်ခံစားစေရအောင် စံနမူနာပြ ဦးဆောင်စည်းရုံး ဆောင်ရွက် ကျေးလက်အထိကွင်းဆင်းကာ ပြည်သူများ၏လိုလားချက်များ ဖြည့်ဆည်းပေးကြ

ရန်ကုန် ဖေဖော်ဝါရီ ၈

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ခင်မောင်မြင့် လိုက်ပါလျက် ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲ၁နာရီခွဲ တွင် တောင်ကြီးတက္ကသိုလ်သို့ ရောက်ရှိကြရာ ပါမောက္ခချုပ် ဒေါက်တာမောင်ကျော်နှင့် ပါမောက္ခ ဌာနမှူးများ၊ တွဲဖက် ပါမောက္ခများ၊ ကထိကများနှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။ စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ✧

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို

သတင်းဆောင်းပါး အညွှန်း

ဇော်အောင်၏ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး **"ရွှေရောင်လွှမ်းသော အနာဂတ်"** ကို စာမျက်နှာ (၈)နှင့် (၉)တို့တွင် ဖော်ပြထားပြီး **"နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက် ပဲခူးတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်း"**ကို စာမျက် နှာ(၇) တွင် ဖော်ပြထားပါသည်။

(ကြေးမုံ)

ဘင်းမ်စတက်ဘောလုံးပြိုင်ပွဲ မြန်မာလူငယ်က အိန္ဒိယလူငယ်အသင်းကို အနိုင်ရဗိုလ်စွဲ

ရန်ကုန် ဖေဖော်ဝါရီ ၈

၂၀၀၄ ခုနှစ် ပထမအကြိမ် အသက်(၁၈)နှစ်အောက် ဘင်းမ်စတက် **(BIMSTEC CUP-2004)** လူငယ်ဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲကို ထိုင်းနိုင်ငံ ဖူးကတ်မြို့၌ ယနေ့ညနေပိုင်းတွင် ကျင်းပရာ မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းက အိန္ဒိယလူငယ်လက်ရွေးစင်ဘောလုံးအသင်းကို တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။ မြန်မာလူငယ်လက်ရွေးစင်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲကစားချိန် ၇၅မိနစ်တွင် အောင်ဝင်းနိုင်(ခ) အောင်ဇော်မျိုးက သွင်းယူပေးသည်။

အဆိုပါ ဘင်းမ်စတက်ဘောလုံးပြိုင်ပွဲသို့ အိမ်ရှင်ထိုင်း၊ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ အိန္ဒိယနှင့် ဘူတန်နိုင်ငံလူငယ်အသင်းများ ပါဝင်ယှဉ်ပြိုင်ကြပြီး မြန်မာလူငယ်အသင်းသည် အုပ်စု(ခ)တွင် အိန္ဒိယလူငယ်နှင့် ဘူတန်လူငယ်အသင်းတို့နှင့်အတူ ပါဝင်ကာ ဖေဖော်ဝါရီ ၄ ရက်က ကျင်းပသည့် စာမျက်နှာ ၄ ကော်လံ ၃ သို့ ❍

တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)